# မြန်မာနိုင်ငံ သတင်းမီဒီယာသမားများ အတွက်
# အားကောင်းသော သတင်းမီဒီယာ ဥပဒေ တရပ် ဖေါ်ဆောင်ရေး လမ်းညွှန်

## မြန်မာနိုင်ငံ သတင်းမီဒီယာသမားများ အတွက်
## အားကောင်းသော သတင်းမီဒီယာ ဥပဒေ တရပ် ဖော်ဆောင်ရေး လမ်းညွှန်

ဇူလိုင် ၂၀၁၂

ဤ လမ်းညွှန်စာတမ်းငယ်သည် "သတင်းမီဒီယာဥပဒေ နှင့် သတင်းစာကောင်စီ" တို့အကြောင်း ရှင်းလင်း ဖွင့်ဆိုသည့် မိတ်ဆက်နိဒါန်းဖြစ်ပါသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာ အဝန်းအဝိုင်းအတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်လျှက် ဤ လမ်းညွှန်စာတမ်းငယ်ကို "အရှေ့တောင်အာရှ သတင်းစာ မဟာမိတ်အဖွဲ့" (Southeast Asian Press Alliance – SEAPA) နှင့် "ဥပဒေနှင့် ဒီမိုကရေစီရေးရာဌာန" (Centre for Law and Democracy – CLD) တို့က ပူးတွဲ စီစဉ် တင်ဆက်ပါသည်။ "သတင်းမီဒီယာဥပဒေ နှင့် သတင်းစာကောင်စီ" တို့နှင့် ပတ်သက်သော နည်းစနစ် ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ လုပ်ဆောင်ရာတွင် သတင်းစာဆရာများ၊ သတင်းထောက်များနှင့် လူမှုရေးအဖွဲ့အစည်းများ အနေဖြင့် ဤလမ်းညွှန်ချက်ကို အသုံးပြုရန် တိုက်တွန်းအပ်ပါသည်။ ဤ လမ်းညွှန်စာတမ်းကို SEAPA နှင့် CLD တို့က အထောက်အကူပြုသည်ဟု မှတ်ယူစေလိုပါသည်။

Gayathry Venkiteswaran
Executive Director, SEAPA

Toby Mendel
Executive Director, CLD

## ၁။ နိဒါန်း

မြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်း တည်ဆောက်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတရပ်အဖြစ် ပုံနှိပ်မီဒီယာ ဥပဒေအသစ်တခုကို ရေးဆွဲလျက်ရှိသည်။ မတူသော အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပြုသည့် ပုံနှိပ်မီဒီယာ အမျိုးအစားသည် မည်သည့်ဒီမိုကရေစီ အဆောက်အဦမျိုးတွင်မဆို အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။

နိုင်ငံသားများသည် သတင်းအချက်အလက်များနှင့် မျက်မှောက်ရေးရာ သတင်းပေးပို့ချက် အများစုကို ပုံနှိပ်သတင်းမီဒီယာမှတဆင့် ရရှိကြသည်။ သတင်းအချက်အလက်များ ရရှိရေးသည် နိုင်ငံသားတို့၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေးအတွက် အဓိကကျရုံမက၊ လူအများနှင့် သက်ဆိုင်သော အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရေး အတွက်လည်း အထောက်အကူပြုပေသည်။ လွတ်လပ်သော သတင်းမီဒီယာသည် ဒီမိုကရေစီစနစ် ကျင့်သုံးသော အစိုးရယန္တရား တရပ်၏ နလုံးသည်းပွတ်လည်း ဖြစ်ပါသည်။

သတင်းအချက်အလက် အထောက်အထားများအရ မြန်မာအစိုးရသည် ပုံနှိပ်မီဒီယာ ဥပဒေအသစ် တခုကို ပြဋ္ဌာန်းရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။ အစဉ်အလာအရဆိုလျှင် မြန်မာနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခွင့်သည် တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ခံနေရသည်။ သတင်းမီဒီယာ ဥပဒေအသစ် ပြဋ္ဌာန်းပြီးလျှင်မူ ပုံနှိပ်မီဒီယာသည် ထူးထူးခြားခြား လွတ်လပ်ခွင့် ရလာဖွယ်ရာ ရှိသည်။ သို့သော်ငြားလည်း ကောင်းမွန်သည့် ရည်ရွယ်ချက်များ ထားရှိခြင်းက အပိုင်းတပိုင်းဖြစ်၍၊ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အာမခံမည့် ဥပဒေကို ကျင့်သုံးခြင်းက အခြားကိစ္စတရပ် ဖြစ်ပေသည်။

နိုင်ငံတကာ ဥပဒေတွင် သတင်းမီဒီယာ ဥပဒေနှင့် စပ်လျဉ်း၍ တရားမျှတမှုရှိသော အသေးစိတ် စည်းမျဉ်း နှုန်းစံများကို ထည့်သွင်းပြဋ္ဌာန်းထားလေ့ရှိသည်။ သတင်းမီဒီယာ ဥပဒေသည် လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့် (Freedom of Expression) ကို အာမခံသည့် သဘောအဓိပ္ပါယ်နှင့် လိုက်လျောညီထွေမှု ရှိရပေမည်။ မီဒီယာ ဥပဒေ နှုန်းစံများသည် အခြေခံအာမခံချက်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) အပိုဒ် (၁၉) အပါအဝင်ဖြစ်သော လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်မှ ဖြာထွက်လာချက်များ ဖြစ်ရမည်။

ထို့ပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (United Nations Human Rights Committee) နှင့် လွတ်လပ်စွာ ထင်မြင်ယူဆချက် ဖော်ပြခွင့်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးသူ (Special Rapporteurbon Freedom of Opinion and Expression) တို့၏ အနက်ဖွင့်ဆို အာမခံချက်များနှင့် ကိုက်ညီသော ဥပဒေနှုန်းစံများသော်လည်း ဖြစ်ရပေမည်။

သတင်းမီဒီယာ ဥပဒေတရပ်ကို ပြဋ္ဌာန်းအတည်ပြုရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများကို အတတ်နိုင်ဆုံး လေးစား လိုက်နာရမည်။ ထိုသို့ နိုင်ငံတကာစံမီသော သတင်းမီဒီယာ ဥပဒေပေါ်ထွန်းရေးကိစ္စ၌ တိုင်းပြည်၏ နားမျက်စိဖြစ်သော 'သတင်းမီဒီယာနှင့် လူထုအခြေပြု လူမှုရေးအဖွဲ့အစည်း' တို့၏ အခန်းကဏ္ဍသည် သော့ချက်နေရာတွင် ရှိပေသည်။ ဤ လမ်းညွှန်ချက်သည် သတင်းစာဆရာများ၊ အခြားလူထုဆက်သွယ်ရေး မီဒီယာသမားများနှင့် လူထုအခြေပြု လူမှုရေး အဖွဲ့အစည်းများအတွက် ပိုမိုကျယ်ပြန့်သည့် သာဓကတရပ်ဖြစ်၍ နိုင်ငံတကာ စံချိန်စံညွှန်းဆိုင်ရာ သတင်းအချက် အလက်များနှင့် အပြုသဘောဆောင်သော 'သတင်းမီဒီယာ ဥပဒေ' တွင် ပါဝင်သင့်သည့် သီးခြားရည်ညွှန်းချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးသည်။ ဤနည်းအားဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီ လူ့အဖွဲ့အစည်း တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် ယခု လမ်းညွှန်ချက်သည် တစုံတရာ အထောက်အပံ့ပြုရန် ရည်ရွယ်ပါသည်။

## ၂။ မတူခြားနားသော စည်းမျဉ်းဥပဒေစနစ်များ

သတင်းမီဒီယာဆိုင်ရာ စည်းမျဉ်းဥပဒေ စနစ်များကို ယေဘုယျအားဖြင့် သုံးမျိုး သုံးစား ပိုင်းခြားကြည့်နိုင်သည်။ ယင်းစနစ် သုံးမျိုးမှာ "ကိုယ်တိုင် ဥပဒေစည်းမျဉ်းရေးဆွဲသည့်စနစ်" (Self-regulatory system)၊ "ပူးတွဲညှိနှိုင်း ဥပဒေ စည်းမျဉ်း ရေးဆွဲသည့်စနစ်" (Co-regulatory System) နှင့် "ဥပဒေနှင့်အညီ ထိန်းသိမ်းရန် အာဏာအပ်နှင်းသည့်စနစ်" (Statutory Regulatory System) တို့ ဖြစ်သည်။

"ကိုယ်တိုင် ဥပဒေစည်းမျဉ်း ရေးဆွဲသည့်စနစ်" ဆိုသည်မှာ သတင်းမီဒီယာကဏ္ဍတခု (ဥပမာ နေ့စဉ် သတင်းစာများ၊ ရေဒီယို ရုပ်သံထုတ်လွှင့်သူများ) အနေဖြင့် မိမိတို့ သက်ဆိုင်ရာ မီဒီယာနယ်ပယ်အတွက် မိမိတို့ဖာသာ စည်းမျဉ်း ဥပဒေစနစ် ရေးဆွဲပြဋ္ဌာန်းထားခြင်းမျိုး ဖြစ်သည်။ ဤ ဥပဒေ စည်းမျဉ်းစနစ် အမျိုးအစား အများစုမှာ အခြေခံအားဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အားကောင်းသည့် စည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။ အလားတူပင် ကျင့်ဝတ်နှင့် မညီညွတ်ဟု ယူဆရသည့် သတင်းမီဒီယာတို့၏ ပြုမူဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသော အထောက်အထား မှတ်တမ်းမှတ်ရာတို့ကို ရေးသားပြုစု၍ ထိုကိစ္စမျိုးများကို တင်ပြတိုင်တန်းလာပါက လက်ခံစဉ်းစားဆုံးဖြတ်ပေးနိုင်သော အဖွဲ့အစည်းတရပ် ဖွဲ့စည်း ထူထောင်ရန်လည်း ပါဝင်သည်။

"ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်းရေးဆွဲသည့်စနစ်" သည်လည်း "ကိုယ်တိုင် ဥပဒေစည်းမျဉ်းရေးဆွဲသည့်စနစ်" နှင့် အလားသဏ္ဌာန်တူသည်။ သိသာထင်ရှားသော အချက်မှာ ထို "ပူးတွဲညှိနှိုင်းစည်းမျဉ်းစနစ်"ကို စီမံရေးဆွဲသူများမှာ သတင်းမီဒီယာ နယ်ပယ်အဝန်းအဝိုင်းမှပင် ဖြစ်သည်။ သို့သော် ၎င်းတို့ ရေးဆွဲသော စည်းမျဉ်းစနစ်များသည် ဥပဒေနှင့် အညီ ရေးဆွဲသော စည်းမျဉ်းစနစ်မျိုးနှင့် ခြားနားသည်။ "ဥပဒေနှင့်အညီ ထိန်းသိမ်းရန် အာဏာအပ်နှင်းသည့် စနစ်" အစစ်အမှန် တို့သည် ဥပဒေကြီးကြပ်မှုဖြင့် ထူထောင်ထားသော အဖွဲ့အစည်းများ ဖြစ်သည်။ ထိုသို့ ဥပဒေ ထိန်းသိမ်းရန် အာဏာနှင်းအပ်သည့် စနစ်မျိုးကို ရေးဆွဲရာ၌ မီဒီယာနယ်ပယ်မှ ကိုယ်စားလှယ်များပါနိုင်သော်လည်း အဓိကအားဖြင့် မီဒီယာနယ်ပယ်မှ စီမံရေးဆွဲခြင်းမျိုး မဟုတ်ပေ။ "ကိုယ်တိုင် ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" နှင့် "ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" နှစ်မျိုးလုံးသည် ရံဖန်ရံခါ သာမန်တိုင်ချက်ဖွင့်သည့် လုပ်ငန်းစဉ်မျိုးထက် သာလွန် သည်။ ၎င်းစနစ်တို့သည် ထိန်းသိမ်းရန် အာဏာအပ်နှင်းခံရသော လုပ်ငန်းတာဝန်မျိုးတွင် အကျုံးဝင်သည်။

မည်သည့်စနစ်မျိုးက သာလွန် ကောင်းမွန်သနည်း။

ပုံနှိပ်မီဒီယာကဏ္ဍအပိုင်းကို ချဉ်းကပ်ရာ၌ ပညာရပ်သဘောတရားအလိုအရ ပို၍ရွေးချယ်သင့်သည့် အမျိုးအစားသည် "ကိုယ်တိုင် ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" ဖြစ်သည်ဟု ယေဘုယျအားဖြင့် သဘောတူကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ကိုယ်တိုင်စည်းမျဉ်းရေးဆွဲသည့်စနစ် အမျိုးအစားများ၏ အထူးအရေးပါသောအချက်မှာ အစိုးရပိုင်း၏ ဝင်ရောက်စွက်ဖက်ခြင်း ခံရမှု အနည်းဆုံးဖြစ်၍ ဖြစ်သည်။ သို့သော်ငြားလည်း "ပူးတွဲညှိနှိုင်း ဥပဒေ စည်းမျဉ်းရေးဆွဲသည့် စနစ်"ကို ထည့်သွင်းစဉ်းစားရန် ကောင်းသော အကြောင်းပြချက်သည်လည်း နှစ်ချက်ရှိသည်။

ပထမ အကြောင်းပြချက်မှာ "ကိုယ်တိုင် ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" ဖေါ်ဆောင်ရေးအတွက် နိုင်ငံများစွာရှိ အသီးသီးသော မီဒီယာ အဝန်းအဝိုင်းတို့သည် လိုအပ်သော အတွေ့အကြုံဗဟုသုတ အဆက်အစပ် အားနည်းသည်ကို တွေ့ရသည်။ ဒုတိယအချက်မှာ အတော်အတန် ရင့်ကျက်မှုရှိသော သတင်းမီဒီယာ ပတ်ဝန်းကျင်များရှိသည့်တိုင်၊ "ကိုယ်တိုင် ဥပဒေ စည်းမျဉ်းရေးဆွဲသည့် စနစ်" စစ်စစ် အမျိုးအစားများ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရာတွင် အခက်အခဲများ ကြုံရနိုင်၍လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခက်အခဲများစွာအနက်၊ မတူညီသော မီဒီယာလုပ်ငန်းအမျိုး အစားများအကြား အချင်းချင်း အားပြိုင်မှုသည်လည်း အခက်အခဲတခုပင်ဖြစ်သည်။ ဥပမာပြောရလျှင် 'ဈေးကွက်ဝေစု

အားပြိုင်မှုနှင့်  သတင်းစာ ခေါင်းကြီး အားပြိုင်မှုမျိုး ဖြစ်သည်။ ထိုကိစ္စရပ်မျိုးတို့တွင်  ပူးပေါင်းဆောင်ရွက်ရန် ခက်ခဲပေသည်။

အဆိုပါ အခက်အခဲများကို "ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်း ရေးဆွဲသည့် စနစ်" က ဖြေရှင်းနိုင်စွမ်းရှိပေသည်။ ပူးတွဲညှိနှိုင်းစနစ်၏ ပဓါနကျသည့် မူဘောင်တခုကို ဥပဒေ နည်းလမ်းတကျ ထူထောင်ရာတွင် မတူညီသော မီဒီယာလုပ်ငန်းအားလုံး သဘောတူညီမှုရရှိရေးအပေါ် အားထားမှီခိုမှု မပြုပေ။  ဤသို့ဆိုသဖြင့် ညှိနှိုင်းစနစ်အပေါ် မီဒီယာများ၏ ထောက်ခံ အားပေးမှုသည် အရေးမကြီးဟု ဆိုလိုသည်မဟုတ်။  "ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်း ရေးဆွဲသည့် စနစ်" ကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် သတင်းမီဒီယာလုပ်ငန်းများ၊ သတင်းမီဒီယာအလုပ်သမားများနှင့် နည်းလမ်းတကျ တိုင်ပင်ဆွေးနွေးမှုများလုပ်ရန် မရှိမဖြစ် လိုအပ်ပါသည်။ သို့သော် ပူးတွဲညှိနှိုင်းစနစ် လုပ်ငန်းစဉ်ကို ရှေ့သို့ တိုးတက်ဖြစ်ထွန်းစေရန် ဥပဒေနည်းလမ်းဘောင်အတွင်းမှ စီစဉ်ဆောင်ရွက်ရေးသည် အလွန်အရေးပါ ပဓါနကျသည်။ ထို့ပြင် ပူးတွဲညှိနှိုင်း စနစ်ဖြင့် ချဉ်းကပ်ဆောင်ရွက်သည့်အတွက် ထိုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများတွင် မတူညီသော မီဒီယာလုပ်ငန်း အမျိုးမျိုး ပါဝင်လာရန် လိုအပ်နိုင်သည်။

ထိုသို့ မီဒီယာအသီးသီး ပါဝင်လျှင် လုပ်ငန်းဖေါ်ဆောင်မှု ရှေ့တလှမ်းတိုးရာ၌ ပါဝင်သူအားလုံး၏ "အကြွင်းမဲ့ သဘောတူညီမှုရရှိရေး"  ဆိုသည့် လိုအပ်ချက်ကို ရှောင်ကြဉ်နိုင်မည် ဖြစ်သည်။ ဤအချက်သည် ဒုတိယ အကြောင်းပြချက်နှင့် နီးနီးစပ်စပ် ဆက်နွယ်သည်။ ဆိုလိုသည်မှာ "ကိုယ်တိုင် ဥပဒေ စည်းမျဉ်းရေးဆွဲသည့် စနစ်" အမျိုးအစားများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များနှင့်အညီ အာဏာတည်စေရန် လုပ်ဆောင်သည့် နည်းနာပိုင်း၌ ချို့တဲ့အားနည်းသည်။ အကျိုးဆက်အဖြစ် မီဒီယာလုပ်ငန်းများအနေဖြင့် ၎င်းတို့အား ဆန့်ကျင်သော ဆုံးဖြတ်ချက်များကို လုံးဝ လျစ်လျူပြုနိုင်စရာရှိသည်။ အကြောင်းမှာ ထိုစနစ်မူဘောင်အတွင်းမှ နုတ်ထွက်ခွင့် မရှိခြင်း၊ ချို့ယွင်းချက် အားနည်းချက်များကို ဖေါ်ထုတ်ခွင့်မရှိခြင်း စသည့် လူမှုရေးနစ်နာချက်များ ရှိနေ၍လည်း ဖြစ်နိုင်သည်။ အခြားတဖက်တွင် "ပူးတွဲညှိနှိုင်း ဥပဒေ ရေးဆွဲသည့် စနစ်" သည် ဥပဒေ ကျောထောက်နောက်ခံရှိခြင်းကြောင့် ၎င်း၏ ဆုံးဖြတ်ချက်များကို တရားဝင် ဥပဒေကြောင်းအရ စီရင်ချက်အဖြစ် လိုက်နာရပေသည်။ ထို့ကြောင့် ၎င်း၏ဆုံးဖြတ်ချက် များသည် ဥပဒေကဲ့သို့ အာဏာတည်ရုံမျှမက စနစ်အပေါ် လူအများယုံကြည်လက်ခံလာအောင်လည်း အထောက်အပံ့ ပြုရာရောက်သည်။

လူထု၏ ယုံကြည်လက်ခံမှုသည် အလွန်အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် လူထုက မယုံကြည်သဖြင့် ထိုစနစ်ကို အသုံးပြုခြင်း မရှိပါက ရည်ရွယ်ရာပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိနိုင်မည် မဟုတ်ပေ။ ပုံနှိပ်မီဒီယာအတွက် ရေးဆွဲသည့် "ဥပဒေနှင့်အညီ ထိန်းသိမ်းရန် အာဏာအပ်နှင်းသော မီဒီယာဥပဒေစနစ်"  စစ်စစ်ဟူ၍ ဒီမိုကရေစီနိုင်ငံ အများစုတွင် ကြားဖူးကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ပုံနှိပ်မီဒီယာအား ဥပဒေနှင့်အညီ ရေးဆွဲသော မီဒီယာစည်းမျဉ်းစနစ်တွင် ခိုင်မာသောအခန်းကဏ္ဍတခုပေးရန် လိုအပ်၍ ဖြစ်သည်။ ထိုအချက်မှာ "ကိုယ်တိုင် ဥပဒေ စည်းမျဉ်းရေးဆွဲသည့် စနစ်"  နှင့် "ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" နှစ်မျိုးလုံး၏ ချဉ်းကပ်မှုတွင်လည်း ပဓါန  လက္ခဏာချက် ဖြစ်နေသည်။ "ဥပဒေနှင့်အညီ ထိန်းသိမ်းရန် အာဏာအပ်နှင်းသော  မီဒီယာဥပဒေစနစ်" စစ်စစ် ကျင့်သုံးသော  နေရာတိုင်းတွင် ထိုစနစ်မျိုးတို့သည်  "သတင်းမီဒီယာလွတ်လပ်ခွင့် " ကို ဆိုးဆိုးရွားရွား ချိုးဖောက်လေ့ရှိသည်။

# ၃။ အပြုသဘောဆောင်သော ကာကွယ်စောင့်ရှောက်မှုများ

ကောင်းမွန်သော ပုံနှိပ်မီဒီယာဥပဒေတရပ်သည် ထိန်းသိမ်းရန် အာဏာအပ်နှင်းထားသော ယန္တရားတခု ဖွဲ့စည်း ထူထောင်ပေးရုံမျှသာမဟုတ် ပုံနှိပ်မီဒီယာအတွက် အပြုသဘောဆောင်သော ကာကွယ်စောင့်ရှောက်မှုများ စီစဉ်ထားရှိ သည်ကိုလည်း အသေးစိတ် ရှင်းလင်းဖော်ပြဖို့လိုသည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ပိုင်ခွင့် (Freedom of Expression) နှင့် သတင်းမီဒီယာလွတ်လပ်ခွင့် (Media Freedom) ကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၌ အသေးစိတ်ရှင်းလင်းဖော်ပြကာ အာမခံထားရှိသည်ဟု အများက နားလည်သဘောပေါက်ကြသည်။

မတူခြားနားသည့် သတင်းမီဒီယာဆိုင်ရာ ဥပဒေများတွင် အောက်ဖော်ပြပါ မီဒီယာအား ကာကွယ်ပုံ ၅ မျိုးကို တွေ့ရှိရသည်။

(က) သတင်းမီဒီယာ လွတ်လပ်ခွင့်

ကောင်းမွန်သော သတင်းမီဒီယာဆိုင်ရာဥပဒေများတွင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ ယေဘူယျ အနက်ဖွင့်ဆို ရှင်းလင်းချက်တခု ဖော်ပြပါရှိသည်။ အစိုးရအာဏာပိုင် ပုဂ္ဂိုလ်များအနေဖြင့် သတင်းမီဒီယာ လွတ်လပ်ခွင့်ကို လေးစားရန် လိုအပ်ကြောင်း ထိုရှင်းလင်းဖွင့်ဆိုချက်တွင် ထည့်သွင်းဖော်ပြသင့်သည်။ ထို့ပြင် သတင်း မီဒီယာလွတ်လပ်ခွင့်သည် ဒီမိုကရေစီ စနစ်တရပ်တွင် အလွန်အရေးကြီးကြောင်း ရည်ညွှန်းဖော်ပြနိုင်သည်။ သတင်းစာ ခေါင်းကြီးပိုင်း အယ်ဒီတာ့အာဘော် လွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် အသေးစိတ် ရှင်းလင်းဖွင့်ဆိုထားသော အာမခံချက် ဥပဒေကို ပြဋ္ဌာန်းထားနိုင်သည်။ ဆိုလိုသည်မှာ သတင်းဌာနများ၏ အယ်ဒီတာ့ အာဘော်ပိုင်းဆိုင်ရာ အဆုံးအဖြတ်များအပေါ် အစိုးရပိုင်းက ဝင်ရောက်စွက်ဖက်မှု မလုပ်စေရန် ဖြစ်သည်။

(ခ) ကြိုတင် ဆင်ဆာဖြတ်မှုကို တားမြစ်ခြင်း

အထက်ဖော်ပြပါ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် တဆက်တစပ်တည်းဖြစ်သော 'သတင်းမီဒီယာဆိုင်ရာ ဥပဒေအများစုတွင် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ကြိုတင်ဆင်ဆာဖြတ်မှုကို တားမြစ်သည့် စည်းမျဉ်းများ ထည့်သွင်းထား သည်။ အစိုးရအာဏာပိုင်များအနေဖြင့် ပုံနှိပ်ထုတ်ဝေသည့် စာနယ်ဇင်းများ (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း) အား ပုံနှိပ် ခြင်း မပြုမီ ဝင်ရောက်ကြည့်ရှုစိစစ်ခြင်း လုံးဝမလုပ်ရ ဆိုသည့်အချက်ကို ဥပဒေတွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြရမည်။ အကယ်စင်စစ် ဤအချက်ကို ထည့်သွင်းဖော်ပြခြင်းသည် စာရေးသူများနှင့် အယ်ဒီတာများအနေဖြင့် တရားမဝင်သည့် စာစောင် စာတမ်းများထုတ်ဝေခဲ့လျှင် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ တာဝန်ရှိမှုများမှ အကာအကွယ်ပေးသော သဘော မဟုတ်ပေ။ 'သတင်းမီဒီယာဆိုင်ရာ ဥပဒေအများစုတွင် ပုံနှိပ်ထုတ်ဝေသည့် စာစောင်စာအုပ်စသည်တို့ကို တရားရုံး၏ တရားဝင်ခွင့်ပြုမိန့်မပါဘဲ သိမ်းယူခြင်း မပြုစေရန် အကာအကွယ်ပေးထားသည်။ ပုံနှိပ်ထုတ်ဝေထားသော စာနယ်ဇင်းများကို ဖမ်းဆီးသိမ်းယူခြင်းသည် ကြိုတင်ဆင်ဆာဖြတ်မှုနှင့် သဘောချင်း မတူသော်လည်း ထိုကိစ္စ နှစ်ခု သည် နီးနီးကပ်ကပ် ဆက်စပ်လျှက်ရှိ၍ ထိခိုက်နစ်နာနိုင်သဖြင့် အရေးကြီးပေသည်။

(ဂ) သတင်းစာဆရာ/ သတင်းထောက်အဖြစ် ဆောင်ရွက်ပိုင်ခွင့်

နိုင်ငံတကာ ဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့် (Freedom of Expression)တွင် လူတိုင်း

သတင်းစာဆရာ/သတင်းထောက်အဖြစ် ဆောင်ရွက်ပိုင်ခွင့်လည်း အကျုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စသည် ပုဂ္ဂိုလ်တဦးတယောက်အနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့် (Freedom of Expression) ကို ကျင့်သုံးရာ၌ ပဓါနကျသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် စပ်လျဉ်း၍ စည်းကမ်း ဥပဒေ အကန့်အသတ်များထားရန် မလိုပေ။ ဥပမာအားဖြင့် သတင်းစာဆရာ/သတင်းထောက်အဖြစ် ဆောင်ရွက်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် အသက်ကန့်သတ်ခြင်း၊ သတင်းစာ သင်တန်းတက်ဖူးခြင်း မတက်ဖူးခြင်း စသည့် အချက်များဖြင့် ကန့်သတ်ရန် မလိုအပ်ပေ။ ဤအချက်ကို သတင်းမီဒီယာဆိုင်ရာ ဥပဒေတွင် ထင်ဟပ်ဖော်ပြရမည်။ သတင်းစာဆရာ/ သတင်းထောက်အဖြစ် ဆောင်ရွက်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သူသာလုပ်ပိုင်ခွင့်ရှိသည်ဟု ကန့်သတ်ခြင်းများ မရှိစေရ။ သတင်းထောက်များသည် လုပ်ငန်းကျွမ်းကျင်မှု မရှိသည့်တိုင် သတင်းစာဆရာ/ သတင်းထောက်အဖြစ် ဆောင်ရွက်ပိုင်ခွင့်ကို စည်းကမ်းသတ်မှတ် တားမြစ်ခွင့်မရှိပေ။ လုပ်ငန်းကျွမ်းကျင်မှုမရှိသူကို ကျွမ်းကျင်အောင် အရည်အချင်း မြှင့်ပေးရန်သာ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် သတင်းမီဒီယာသည် လုပ်ငန်းကျွမ်းကျင်သူများများဖြင့် ဆောင်ရွက်ရသည် ဖြစ်သော်လည်း ယင်းလိုအပ်ချက်သည် ပြဿနာတစ မဟုတ်ပေ။ သို့ဖြစ်သော်လည်း ထိုပြဿနာ အခြေအနေမျိုးကို အသုံးပြု၍ မီဒီယာအား ရံဖန်ရံခါ ထိန်းချုပ်ရန် ပြုလုပ်မှုများ တွေ့ရသည်။ ဤသို့ဆို၍ မိမိတို့ စေတနာဆန္ဒအလျောက် ဖွဲ့စည်းကြသော အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့ဝင်များအပေါ် အဖွဲ့ဝင် စည်းမျဉ်းစည်းကမ်း ကန့်သတ်ရန် မလိုအပ်ဟု ဆိုလိုသည် မဟုတ်ပေ။

(ဃ) အဖွဲ့အစည်း အသင်းအပင်း ဖွဲ့စည်းပိုင်ခွင့်

အလားတူပင် သတင်းစာဆရာ/ သတင်းထောက် တဦးတယောက်အား မည်သည့်အဖွဲ့ဝင်မျှ မဖြစ်ရဟု တားမြစ်ခြင်းသည် နိုင်ငံတကာဥပဒေအရ တရားမဝင်ပေ။ ထို့အတူ မည်သည့်အဖွဲ့အစည်း (သို့မဟုတ်) သမဂ္ဂဝင် ဖြစ်ရမည်ဟု ကန့်သတ်ခြင်းသည်လည်း နိုင်ငံတကာဥပဒေအရ တရားမဝင်ပေ။ ထိုသို့ သတင်းစာဆရာ/သတင်းထောက်များအား မည်သည့်အဖွဲ့ သမဂ္ဂဝင် ဖြစ်သည်ဟု ဆိုရုံမျှဖြင့် ၎င်း၏ သတင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းကို သက်သေပြ၍ မရပေ။ သို့သော် အလုပ်အကိုင် အသက်မွေးဝမ်းကျောင်းမှုကို ထိန်းချုပ်လိုသော နိုင်ငံများတွင်မူ မည်သည့်အဖွဲ့/သမဂ္ဂဝင် ဖြစ်ရမည်ဟူသော သတ်မှတ်ပြဌာန်းချက်သည် လိုအပ်ချက်တရပ် ဖြစ်သည်။ မည်သို့ဆိုစေ သတင်းထောက်များ၏ လွတ်လပ်ခွင့်ကို ထောက်ခံရန်ဖြစ်စေ၊ လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်း မြှင့်တင်ရေးအတွက် ဖြစ်စေ၊ အလုပ်သမားရပိုင်ခွင့်များကို ထောက်ခံရန်အတွက် ဖြစ်စေ၊ သတင်းစာ ဆရာ/ သတင်းထောက်များအနေဖြင့် မည်သည့် အသင်းအဖွဲ့မျိုးကိုမဆို၊ ဖွဲ့စည်းခွင့် ရှိသည်။ သို့ဖြစ်၍ သတင်းစာဆရာ/ သတင်းထောက်တဦးအဖြစ် လုပ်ကိုင်ရန် ထိုသူသည် မည်သည့်အဖွဲ့ဝင်မျှ ဖြစ်ရန် မလိုဟုလည်းကောင်း၊ သတင်းစာဆရာ/ သတင်းထောက်တို့တွင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့် ရှိသည်ဟုလည်းကောင်း သတင်းမီဒီယာဆိုင်ရာ ဥပဒေတွင် ထည့်သွင်းဖော်ပြနိုင်သည်။

(င) သတင်းရင်းမြစ်များကို ကာကွယ်ပိုင်ခွင့်

အခြား သတင်းမီဒီယာလွတ်လပ်ခွင့် လက္ခဏာတရပ်မှာ သတင်းစာဆရာ/သတင်းထောက်တို့တွင် ၎င်းတို့၏ လျှို့ဝှက်ထားအပ်သည့် သတင်းရင်းမြစ်များကို ကာကွယ်ပိုင်ခွင့် ဖြစ်သည်။ နိုင်ငံတကာ ဥပဒေနှင့် နိုင်ငံအများအပြားရှိ အမျိုးသား ဥပဒေများတွင် သတင်းစာဆရာများ အနေဖြင့်မိမိတို့၏ သတင်းရင်းမြစ်များကို လျှို့ဝှက်ချက်အဖြစ် ကာကွယ်ထားရှိပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုထားသည်။ အများပြည်သူ အကျိုးဆိုင်ရာ သတင်းအချက်အလက် အကြောင်းအရာများကို သတင်းပေးသည့် ပြည်သူ့သတင်းရင်းမြစ်များအပေါ် သတင်းထောက်များ မှီခိုအားထားနေရသည်။ ထို့ကြောင့် ၎င်းသတင်းရင်းမြစ်များကို သတင်းစာဆရာတို့က လုံခြုံအောင် ကာကွယ်ထားရပေသည်။

သို့သော် ဤ ကိစ္စတွင် သတင်းရင်းမြစ်များကို လုံးဝကာကွယ်ထားမည်လား အခြေအနေအချိန်အခါပေါ် မူတည်၍

ပစ်ပယ်ရမည်လားဟု စဉ်းစားရန်ရှိသည်။ ဥပမာအားဖြင့် အာဏာပိုင်တို့က ရာဇဝတ်မှုခင်းတခုခုကို စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက် လိုအပ်သဖြင့် တောင်းခံလာမှုမျိုးတွင် ဖြစ်သည်။ နိုင်ငံအများအပြားတွင် သတင်းရင်းမြစ်များကို ကာကွယ်ပိုင်ခွင့်သည် ခြွင်းချက်မရှိသည့် ပိုင်ခွင့်ဖြစ်သည်။ သတင်းစာ ဆရာ/သတင်းထောက်များကိုယ်တိုင် က ဤပိုင်ခွင့်ကို အကြွင်းမဲ့ကာကွယ်ပိုင်ခွင့်အဖြစ် တောင်းဆိုကြသည်။ ရာဇဝတ်မှုခင်းကို စုံစမ်းစစ်ဆေးရန် ကိစ္စမျိုးတွင် အာဏာပိုင်များအနေဖြင့် သူတို့ကိုယ်တိုင် စုံစမ်းဖေါ်ထုတ်ရန် ဖြစ်သည်။ ရဲအဖွဲ့ အာဏာပိုင်တို့အနေဖြင့် သူတို့အတွက် သက်သေအထောက်အထားရရှိရန်၊ သတင်းထောက်များအပေါ် အားထားမှီခိုသည်မှာ မသင့်လျော်ပေ။ အထူးသဖြင့် ဤ ကိစ္စမျိုးတွင် လူထုအကျိုးအတွက် သတင်းရေးသားပေးပို့ရမည့် သတင်းထောက်များ၏ စွမ်းရည်အား ထိခိုက်နစ်နာစေနိုင် ၍ ဖြစ်သည်။

# သတင်းစာ ကောင်စီ (Press Council) ဖွဲ့စည်းပုံ နှင့် လွတ်လပ်ပိုင်ခွင့်

## အာမခံချက်ရှိသော လွတ်လပ်ပိုင်ခွင့်

မည်သည့် သတင်းမီဒီယာ ဥပဒေစည်းမျဉ်းမျိုးတွင်မဆို သတင်းစာကောင်စီကဲ့သို့သော ကြီးကြပ်ရေးအဖွဲ့သည် အခရာ ကျပေသည်။ ဤတွင် သော့ချက်ကျသည့် စိန်ခေါ်မှုမှာ ဤကဲ့သို့သော ကြီးကြပ်ရေးအဖွဲ့သည် လုံးဝ လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း သေချာစေရမည်။ အထူးအရေးကြီးသည်မှာ အစိုးရထိန်းချုပ်မှုမှ လွတ်ကင်းရမည်။ စီးပွားရေး အကျိုးအမြတ်များနှင့်လည်း ကင်းလွတ်ရမည်။ ထို့ပြင် မီဒီယာကိုချုပ်ကိုင် အမြတ်ထုတ်လိုသူများနှင့်လည်း ကင်းလွတ်ရန် လိုသည်။ မြန်မာနိုင်ငံတွင်မူ ထိုသို့ မီဒီယာကို ချုပ်ကိုင်အမြတ်ထုတ်လိုသူများ၏ ခြိမ်းခြောက်မှု ကြီးကြီးမားမား ရှိပုံမရပေ။ ဒီမိုကရေစီစနစ် အောင်မြင်နေသော နိုင်ငံများ၏ သမိုင်းအတွေ့အကြုံအရ အစိုးရ၏ချုပ်ကိုင်မှုထက် မီဒီယာကိုချုပ်ကိုင် အမြတ် ထုတ်လိုသူများ၏ အန္တရာယ်က ပိုမိုကြီးမားသည်ကို မကြာမကြာတွေ့ရသည်။

စစ်မှန်သော "ကိုယ်တိုင် ဥပဒေ စည်းမျဉ်းရေးဆွဲသည့် စနစ်" တွင် ပုံမှန်အားဖြင့် အစိုးရ၏ ဝင်ရောက် စွက်ဖက်မှုကို မဆိုစလောက်သာ တွေ့ရသည်။ သတင်းစာ ကောင်စီအတွက် စိန်ခေါ်မှုမှာ ၎င်းသည် မီဒီယာအပေါ် လူအများ ယုံကြည် လက်ခံမှုရှိအောင် လွတ်လပ်အမှီအခို ကင်းစွာရပ်တည် ဆောင်ရွက်နိုင်စွမ်းရှိကြောင်း အာမခံရန်ဖြစ်သည်။ "ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" တွင်မူ အဓိက အာမခံရသည့် စိန်ခေါ်မှုမှာ အစိုးရစွက်ဖက်မှု ကင်းရှင်းကြောင်းပြသ နိုင်ရန်ဖြစ်သည်။ ထိုသို့အစိုးရချုပ်ကိုင်မှု ကင်းကြောင်းကို ဤစနစ်တွင်သတင်းမီဒီယာနှင့် အခြား အကျိုးစီးပွားတူ လုပ်ဖော်ကိုင်ဖက်များက ရေရှိန်မြင့်မားစွာ ဖြည့်ဆည်းပြရသည်။ ဤတွင် ပဓါနကျသည့် အချက်မှာ သတင်းစာကောင်စီ အဖွဲ့ဝင်များ (ကြီးကြပ်ရေးအဖွဲ့ဝင်များ) ဖြစ်သည်။ ထိုအဖွဲ့ဝင်များကို မည်သူက ခန့်အပ်သနည်းဆိုသော အချက်မှာလည်း အရေးကြီးပေသည်။

## အဖွဲ့ဝင် အမျိုးအစားများ

အရေးကြီးသည့် အဆုံးအဖြတ်ပေးရမည့် မေးခွန်းမှာ မည်သည့်ကဏ္ဍ အစိတ်အပိုင်းများက သတင်းစာကောင်စီ အဖွဲ့တွင် ကိုယ်စားပြု ပါဝင်သင့်သနည်းဆိုသည့် ကိစ္စဖြစ်သည်။ သို့သော် မည်သို့သော ထူးထူးခြားခြား အရည်အချင်း နှင့် ပြည့်စုံသူမျိုးကိုသာ ကောင်စီအဖွဲ့ဝင်အဖြစ် လက်ခံရမည်ဟူသော ပုံသေနည်းမရှိပါ။ အခြားသောမည်သည့်နိုင်ငံတွင် မျှလည်း မတူခြားနားသည့် ပုံသေနည်းများ မရှိပါ။ အကောင်းဆုံးဟု ဆိုရမည့်နည်းလမ်းမှာ ဒေသန္တရ ဆိုင်ရာ အခြေခံ အချက်အလက်များအပေါ်တွင် လက်တွေ့ကျကျ အမှီပြုရန်ဖြစ်သည်။။ လူမှုရေးနှင့် နိုင်ငံရေး အခြေခံများ ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ကျေနပ်အားထားလောက်သည့် လွတ်လပ်မှုရှိသောကောင်စီ ဖြစ်ကြောင်းလည်း အာမခံနိုင်ရမည်။ သတ်မှတ်ချက်တခုအဖြစ် နားလည်သင့်သည့် အချက်တခုမှာ ကောင်စီအဖွဲ့ဝင် အရေအတွက် အမျိုး အစား အများစုသည် သတင်းစာနှင့်လူထုဆက်သွယ်ရေး အဝန်းအဝိုင်းမှ ဖြစ်ရပေမည်။ နိုင်ငံအချို့၏ ဥပဒေတွင်မူ အခြား နယ်ပယ်မှ အဖွဲ့ဝင်များကို အကြမ်းမျဉ်းသဘောမျှသာ ထည့်သွင်းဖော်ပြသည်။ အချို့သောနိုင်ငံများတွင်ကား မည်သည့် နယ်ပယ်ကဏ္ဍ အဝန်းအဝိုင်းမှသူများသာ အဖွဲ့ဝင်ဖြစ်ခွင့်ရှိကြောင်း သတ်မှတ်ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ သတင်းစာ ကောင်စီအဖွဲ့ (Press Council) တွင် အဖွဲ့ဝင် ၉ ဦး ပါဝင်သည်။ ၃ ဦးမှာ သတင်းစာ လောကကို ကိုယ်စားပြုသည်။ ၃ ဦးမှာ မီဒီယာလုပ်ငန်းပိုင်ရှင်များအား ကိုယ်စားပြုသည်။ ကျန် ၃ ဦးမှာ လူထုက အသိ အမှတ်ပြုခံရသည့် နာမည်ကောင်းရှိသူ အသိပညာ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင် ကိုယ်စားလှယ် များ၊ လူထုအကျိုးပြု လူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်များစသည်ဖြင့် ပါဝင်သည်။

အိန္ဒိယနိုင်ငံ ကောင်စီတွင်မူ၊ အဖွဲ့ဝင် ၂၉ ဦး ရှိသည့်အနက်၊ ၁၃ ဦးမှာ လက်ရှိ သတင်းစာဆရာနှင့်သတင်းထောက်များဖြစ်သည်။ အတိအကျပြောရလျှင် အယ်ဒီတာ ၆ ဦး နှင့် အယ်ဒီတာမဟုတ်သူ ၇ ဦး ဖြစ်သည်။ ထို ၁၃ ဦး အနက် ၃-၄ ဦး ခန့်မှာ ဒေသဆိုင်ရာ ဘာသာစကားဖြင့် ထုတ်ဝေသော သတင်းစာများတွင် အမှုထမ်းသူများဖြစ်သည်။ အခြားအဖွဲ့ဝင် ၆ ဦးသည် သတင်းစာပိုင်ရှင် (သို့မဟုတ်) မန်နေဂျာ စသူတို့ဖြစ်သည်။ နောက်ကိုယ်စားလှယ် ၁ ဦးမှာ အေဂျင်စီ သတင်းဌာနမှ ဖြစ်သည်။ ထို့ပြင် ဥပဒေနယ်ပယ်မှ ၁ ဦး၊ ပညာရေးနှင့် သိပ္ပံနယ်ပယ်မှ ၁ ဦး၊ စာပေနှင့် ယဉ်ကျေးမှုနယ်ပယ်မှ ၁ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၅ ဦး၊ သင့်လျော်သူတဦးဦးအတွက် ချန်လုပ်ထားသောနေရာ ၁ နေရာ၊ စုစုပေါင်း ကိုယ်စားလှယ် ၂၉ ဦး ဖြစ်သည်။

အခြားမေးခွန်းတခုမှာ အစိုးရကိုယ်စားလှယ်တဦး ကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်သင့်၊ မသင့် ဆိုသည့် ကိစ္စဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ကောင်စီများတွင် အစိုးရကိုယ်စားလှယ်အဖွဲ့ဝင် တဦးတယောက်မျှ မပါရှိပေ။ အစိုးရကိုယ်စားလှယ်မပါဝင်သော သတင်းစာကောင်စီသည် လက်တွေ့အလုပ်သဘောအရ သာလွန် ကောင်းမွန်သည်။ အစိုးရကိုယ်စားလှယ် ပါဝင်စရာ အကြောင်းလည်း မရှိပေ။ ပါဝင်ခဲ့လျှင်လည်း ပို၍ အကျိုးထူးမည်မဟုတ်ပေ။ သို့သော်ငြားလည်း နိုင်ငံအများအပြားတွင် အစိုးရများသည် ဤကဲ့သို့သော ကောင်စီမျိုး၌ သူတို့ကိုယ်စားလှယ် တနေရာ ပါဝင်သင့်သည်ဟု ယူဆကြသည်။ တခါတရံ ဤပြဿနာအတွက် ညှိနှိုင်းရသည်များလည်း ရှိသည်။ အိန္ဒိယ၏ ဥပမာတွင် ညှိနှိုင်းမှုအရ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြစ်သည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ဆိုလျှင် လုံလောက် ပြီ ဖြစ်သည်။ ၅ ဦး ဆိုသည်မှာ လိုအပ်သည်ထက် ပိုနေသည်ဟု ဆိုရမည်။

## အဖွဲ့ဝင်များ ခန့်အပ်ခြင်း

သတင်းစာ ကောင်စီအဖွဲ့တွင် အဖွဲ့ဝင်များ ခန့်ထားနိုင်သည့် ပုဂ္ဂိုလ်သည် မည်သူမည်ဝါ ဖြစ်သင့်သည်ဟု ထူးထူးခြားခြား ပုံသေနည်းချထားခြင်းမရှိပေ။ ကောင်စီ၏ လွတ်လပ်မှုနှင့် အကျိုးသက်ရောက်မှုကိုမည်မျှ အာမခံနိုင်သနည်း ဆိုသော အချက်အပေါ်တွင်သာ အနှစ်သာရအားဖြင့် တည်မှီသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အဖွဲ့ဝင်ဖြစ်သင့်သူအားလုံး၏ အမည်စာရင်းကို သတင်းမီဒီယာ အဝန်းအဝိုင်းမှ တာဝန်ယူ တင်သွင်းကြောင်းတွေ့ရသည်။ သတင်းစာဆရာနှင့်သတင်းထောက်များက သူတို့ကိုယ်စားလှယ်များကို နာမည်စာရင်း တင်သွင်းသည်။

မီဒီယာလုပ်ငန်းပိုင်ရှင်များကလည်း အလားတူ သူတို့ကိုယ်စားလှယ် အမည်စာရင်းကို တင်သွင်းသည်။ လူထုလူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စာရင်းကိုမူ ၎င်းတို့နှစ်ဖွဲ့ ပူးပေါင်း၍ အမည်စာရင်းတင်သွင်းသည်။ အတည်ပြု ခန့်အပ်မှုကို နိုင်ငံတော် သမ္မတက ပြုလုပ်သည်။ သို့သော် သမ္မတက စိစစ်ရွေးချယ်ခြင်း လုံးဝမလုပ်ပေ။ အမည်စာရင်းတင်သွင်းခံထားသူများကို တရားဝင်အောင် အတည်ပြုပေးခြင်းသာဖြစ်သည်။ ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌ စသည်ကိုမူ အဖွဲ့ဝင်များ အချင်းချင်း ရွေးချယ်ကြရန်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် သီးခြားသက်ဆိုင်ရာ အလွှာများက ၎င်းတို့၏ ကိုယ်စားလှယ် အမည်စာရင်းကို တင်သွင်းကြရသည်။ ဥက္ကဋ္ဌ ရွေးချယ်ပုံမှာမူ အထူးအစီအစဉ် ဖြစ်သည်။ ကောင်စီအဖွဲ့ဝင်များနှင့် ပါလီမန်တို့က ဥက္ကဋ္ဌနေရာကို ရွေးချယ် အတည်ပြုပေးသည်။ အင်ဒိုနီးရှားတွင် အဖွဲ့ဝင်များခန့်ထားမှုကို တရားဝင်ဖြစ်စေရန်အတွက်သာ အစိုးရက ခန့်အပ်ပေးခြင်းဖြစ်သော်လည်း၊ ဥက္ကဋ္ဌ ရွေးချယ်ရာတွင် လုံးဝပါဝင်ပတ်သက်မှု မလုပ်ပေ။

ဤ နိုင်ငံ ၂ ခု၏ ကောင်စီအမည်စာရင်းတင်သွင်း ရွေးချယ်ပုံတွင် အရေးကြီးသည့် လုပ်ငန်းစဉ်အခန်းကို ဖော်ဆောင်ပြသထားပေသည်။ တခုက သတင်းမီဒီယာ အဝန်းအဝိုင်းက သူတို့ကိုယ်စားလှယ်များနှင့် လူထုအဖွဲ့အစည်းဆိုင်ရာ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တင်သွင်းသည်။ အခြားတခုတွင် သက်ဆိုင်ရာ အလွှာကဏ္ဍ အသီးသီးက သူတို့ ကိုယ်စားလှယ်များကို သူတို့ဘာသာ အမည်စာရင်း တင်သွင်းသည်။ နှစ်မျိုးစလုံးပင် လွတ်လပ်ခွင့်ဆိုင်ရာ ရှုထောင့်မှ ကြည့်လျှင် ကြံ့ခိုင်သန်စွမ်းကြသည်ဟု ဆိုရပေမည်။ ကောင်စီအဖွဲ့ဝင်ရွေးချယ်ရာတွင် အစိုးရ၏ ဩဇာလွှမ်းမိုးချယ်လှယ်မှု ကင်းရှင်းနေသမျှ ကောင်စီသည် လွတ်လပ်၍ အမှီအခိုကင်းစွာရပ်တည်နိုင်ပေသည်။

အဖွဲ့ဝင်များ ရွေးချယ်ပုံ

အမည်စာရင်းတင်သွင်းရန် မည်သူ့တွင်တာဝန်ရှိသည်ဆိုသည့် ကိစ္စကိုဆုံးဖြတ်ပြီးသည်နှင့်၊ သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် လူပုဂ္ဂိုလ်တဦးချင်းစီကို မည်သို့မည်ပုံ ရွေးချယ်မည်နည်းဆိုသောမေးခွန်း ပေါ်ထွက်လာပေသည်။ အထူးသဖြင့် မတူညီသော နယ်ပယ်အဝန်းအဝိုင်းမှ သူများနှင့် တွဲဖက်၍ သတင်းမီဒီယာ လောကသားတို့အနေဖြင့် မည်သို့မည်ပုံအမည်စာရင်းတခု ပြုစုတင်သွင်းကြမည်နည်းဆိုသော ပြဿနာပေါ်လာသည်။ ထိုကဲ့သို့ သူတို့ရွေးချယ်မည့် ကိုယ်စားလှယ်များသည် သူတို့မီဒီယာနယ်ပယ်မျှကိုသာ ကိုယ်စားပြုမည့် သူများလား (သို့မဟုတ်) ပိုမိုကျယ်ပြန့်သော လူထုလူတန်းစားများကိုပါ ကိုယ်စားပြုမည်လားဟုလည်း မေးခွန်းတခုပေါ်လာသည်။

တဖန် ဤနေရာတွင်လည်း အခြေခံ နည်းမှီ နမူနာယူစရာ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ကောင်စီများဖွဲ့စည်းသည့် ဥပဒေကိုပင် ဥပမာပြနိုင်ပေသည်။ အင်ဒိုနီးရှား ဥပမာတွင် ကောင်စီအဖွဲ့ဝင်ရွေးချယ်ခန့်ထားရေးကိစ္စကို သက်ဆိုင်ရာ သတင်းမီဒီယာလောကသားတို့ကိုယ်တိုင်ဆောင်ရွက်ရန် လွှဲအပ်ထားပြီး၊ ဥပဒေနည်းစနစ် တရပ်ပြဋ္ဌာန်းဆောင်ရွက်စေခြင်းမျိုး မဟုတ်ပေ။ လက်တွေ့ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာလူထုလူတန်းစားအဖွဲ့အစည်းများအနေဖြင့် ကောင်စီအဖွဲ့ဝင်များ ရွေးချယ်ရေးအတွက် ဆီလျော်သင့်မြတ်သော လုပ်ငန်းစဉ်အသေးစိတ်ကို မိမိတို့ကိုယ်တိုင်စီစဉ်ကြရသည်။ သတင်းစာဆရာ နှင့် သတင်းထောက်များက သူတို့ကိုယ်စားလှယ် နာမည်စာရင်းကို သူတို့ ဘာသာတင်သွင်း သည်။

မီဒီယာလုပ်ငန်းပိုင်ရှင်များကလည်း အလားတူ သူတို့ကိုယ်စားလှယ် အမည်စာရင်းကို ကိုယ်တိုင်တင်သွင်းသည်။ လူထုလူတန်းစားအဖွဲ့အစည်းများမှ ကိုယ်စာလှယ်စာရင်းကိုမူ ၎င်းတို့ ၂ ဖွဲ့ပူးပေါင်း၍ အမည်စာရင်းတင်သွင်းသည်။

အိန္ဒိယနိုင်ငံ ဥပမာနှင့် နှိုင်းယှဉ်ကြည့်လျှင်၊ သတင်းမီဒီယာသမားကိုယ်စားလှယ်များရွေးချယ်ရေးအတွက် ပိုမိုအသေးစိပ်သည့်လုပ်ထုံးလုပ်နည်းများကိုဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းထားသည်။ သီးခြားအလွှာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းရန်အတွက်လည်း စည်းကမ်းသတ်မှတ်ချက်များ ပြုလုပ်ထားသည်။ သတင်းစာ ကောင်စီ (Press Council) ကိုယ်တိုင်ကလည်း သက်ဆိုင်သည့် မီဒီယာအဖွဲ့အစည်းများကို အခြေခံအားဖြင့် အသိအမှတ်ပြုထားသည်။ အနားယူတော့မည့် ဥက္ကဋ္ဌက ထို သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကိုယ်စားလှယ်အမည်စာရင်း တင်သွင်းရန် ဖိတ်ခေါ်ရသည်။

အစိုးရစွက်ဖက်မှု နည်းနိုင်သမျှ နည်းရန်ဆိုပါက၊ အင်ဒိုနီးရှားနိုင်ငံ (Press Council) ဖွဲ့စည်းပုံနည်းနာကို ပိုမိုထောက်ခံ အားပေးကြသည်။ ထို အစိုးရစွက်ဖက်မှု ကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယပုံစံ စနစ်တွင် ဝေဖန်စရာများရှိပေသည်။

အဖွဲ့ဝင်ဖြစ်ရေးနှင့် ပတ်သက်သော အခြား ပြဿနာများ

လူပုဂ္ဂိုလ်တဦးချင်းစီအား အမည်နာမများဖေါ်ညွှန်းလျှက် (Press Council) အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းမျိုး မပြုလုပ်ရ ဟူသော စည်းမျဉ်းကန့်သတ်ထားခြင်းအားဖြင့် ကောင်စီ၏ လွတ်လပ်၍ အမှီအခိုကင်းမှုကို ပိုမိုမြင့်မားစေသည်။ ဤစည်းကမ်းသည် နိုင်ငံရေးသြဇာ အလွန်ကြီးမားသည့် အဖွဲ့အစည်း လူပုဂ္ဂိုလ်တို့နှင့် အဆက်အသွယ်ရှိသူများအား အဖွဲ့အတွင်းဝင်လာမည့်အရေးမှ ယေဘုယျအားဖြင့် အကာအကွယ်ပေးနိုင်သည်။ ဥပမာအားဖြင့် နိုင်ငံရေးပါတီများတွင် အဆင့်မြင့်ရာထူးရရှိထားသူများ ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များအား ရာထူးအရှိန်အဝါကို အသုံးပြု၍ အဖွဲ့ဝင်ခန့်ထားခြင်းပြဿနာမျိုးမှ ကာကွယ်နိုင်သည်။ အလားတူပင် စီးပွားရေးအရ နာမည်ပျက်စာရင်း အသွင်းခံထားရသူများနှင့် ရာဇဝတ်မှုကြီးများကို ကျူးလွန်ခဲ့ဖူးသူများကိုလည်း အဖွဲ့ဝင်အဖြစ်ခန့်အပ်ခြင်းမှ ယေဘုယျအားဖြင့် တားမြစ်ထားသည်။ ထို့ပြင် အဖွဲ့ဝင်ဖြစ်ထိုက်သူများအတွက် အရည်အချင်းကောင်းများကိုလည်း ပြဋ္ဌာန်းထားရှိနိုင်သည်။ ဥပမာ ထိုပုဂ္ဂိုလ်တဦးချင်းတို့အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်မှုများရှိရမည်။ ပုံစံပြရလျှင် ဆက်သွယ်ရေးလုပ်ငန်း၊ ဥပဒေရေးရာလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း နှင့် ဘဏ္ဍာရေး စီမံကွပ်ကဲမှုလုပ်ငန်း စသည့် ပညာရပ်တခုခုတွင် ပုဂ္ဂိုလ်တဦးချင်းအလိုက် ကျွမ်းကျင်သူများဖြစ်၍ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွင်လည်း

နာမည်ကောင်းရှိသူများဖြစ်ရမည် စသည်ဖြင့် ပြဌာန်းထားနိုင်သည်။

အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခံရသည်နှင့် တပြိုင်နက်၊ ကောင်စီအဖွဲ့ဝင်တို့သည် မိမိတို့ အသီးသီးတွင် ရှိသည့် အရည်အချင်းဖြင့် လွတ်လပ်အမှီခိုကင်းစွာ တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ ထိုသို့ လွတ်လပ်အမှီခိုကင်းစွာ တာဝန်ထမ်းဆောင်မှုသည် ကောင်စီ၏ လုပ်ပိုင်ခွင့်သက်တမ်းကို ကာကွယ်ရန် အတွက် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခံရသည့်အချက် ဖြစ်သည်။ သို့ဖြစ်၍ သတင်းမီဒီယာဆိုင်ရာ ဥပဒေ The Press Law တွင် Press Council အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းကို ရှင်းလင်းတိကျစွာ သတ်မှတ်ပြဌာန်းထားရန်လိုသည်။ ဥပမာအားဖြင့် ၄ နှစ် သက်တမ်း (သို့မဟုတ်) ၅ နှစ်သက်တမ်း ဖြစ်သည်။ ထို့ပြင် အဖွဲ့ဝင်တဦးချင်းစီအား ပြန်လည်ခန့်ထားနိုင်ခွင့်ရှိ၊ မရှိ။ ပြန်လည်ခန့်ထားမည်ဆိုလျှင် နောက်ထပ်တကြိမ် (သို့မဟုတ်) ဆက်တိုက်သက်တမ်းအာဖြင့် ၂ ကြိမ် ထက်မပိုဘဲ ယေဘုယျအားဖြင့် ခန့်ထားလေ့ရှိသော စနစ်ကို အသုံးများသည်။ တဆက်တည်းမှာပင် အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍လည်း စည်းမျဉ်းဥပဒေ ပြဌာန်းထားရန်လိုအပ်သည်။

ယင်းစည်းမျဉ်းသည် ရှင်းပြတ်သားတိကျသော အခြေအနေများကို ခြေခြေမြစ်မြစ် ဖေါ်ပြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ထုတ်ပယ်ရခြင်းသည် မည်သည့် အခြေခံအကြောင်းများ ကြောင့် ဖြစ်သည်ကိုဖော်ပြဖို့လိုသည်။ အရည်အချင်း မပြည့်မီခြင်းကြောင့်လား (သိုမဟုတ်) ရာထူးခန့်အပ်စဉ်က လိုက်နာရန်ပြဌာန်းထားသည့် စည်းကမ်းတခုခု ချိုးဖေါက်မှုကြောင့်လား သေချာစွာ ဖော်ပြရမည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စ၌လည်း အဖွဲ့ဝင်တဦးကို ထုတ်ပယ်ရန် မည်သူက အဆုံးအဖြတ်ပေးမည်နည်းဟု ပြဌာန်းထားရန်လိုသေးသည်။ သာမန်အားဖြင့် ထိုအဖွဲ့ဝင်ကို အမည်စာရင်း တင်သွင်းခဲ့သည့် အစုအဖွဲ့က ဆုံးဖြတ်သည်။ သို့မဟုတ် အခြား Press Council အဖွဲ့ဝင်များက မဲခွဲဆုံးဖြတ်သည်လည်းရှိသည်။ ယေဘုယျအားဖြင့် မဲခွဲရာတွင် သုံးပုံ နှစ်ပုံအများစုမဲဖြင့် ဆုံးဖြတ်သည်။

ငွေကြေးထောက်ပံ့မှု နှင့် တာဝန်ခံမှု

လွတ်လပ်၍အမှီအခိုကင်းရေးရှုထောင့်မှကြည့်လျှင် သတင်းစာကောင်စီ Press Council အားငွေကြေးထောက်ပံ့မှုကိစ္စသည် အလွန်အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် "ငွေပေးသူအတွက် တေးဆိုရသည်" ဟူသော သဘောနမူနာကြောင့်ဖြစ်သည်။ အကောင်းဆုံး စံနမူနာမှာ သတင်းစာ ကောင်စီအတွက် အသုံးစားရိတ်ကို သတင်းမီဒီယာများက ကျခံခြင်းဖြစ်သည်။ နိုင်ငံအတော်များများတွင် ကောင်စီအတွက် ငွေကြေးထောက်ပံ့မှုကို သတင်းမီဒီယာလုပ်ငန်းများထံမှ မျှော်မှန်းကြသည်။ သို့သော် လက်တွေ့တွင် ထိုသို့ ဖြစ်မလာပေ။ အထူးသဖြင့် Press Council ဖွဲ့ရာတွင် "ပူးတွဲညှိနှိုင်း ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" (Co-regulatory System) နှင့် "ဥပဒေနှင့်အညီ ထိန်းသိမ်းရန် အာဏာအပ်နှင်းသည့် စနစ်" (Statutory Regulatory System) ကျင့်သုံးသော နိုင်ငံတို့တွင် ထိုမျှော်မှန်းချက် ဖြစ်မလာပေ။

ဥပဒေနှင့်အညီ အာဏာအပ်နှင်းခံရသည့် ကောင်စီ (Statutory Council) အများစုသည် ပြည်သူလူထု၏ အခွန်ငွေမှ ငွေကြေးထောက်ပံ့ မှုရရှိကြသည်။ ပိုမိုကောင်းမွန်သော ကျင့်စဉ်တခုဟုဆိုနိုင်သည့် အချက်မှာ၊ နှစ်စဉ် ဘတ်ဂျက်အသုံးစားရိတ်ကို Press Council ကိုယ်တိုင် တင်ပြရပြီး၊ ပါလီမန်လွှတ်တော်က စိစစ်အတည်ပြုပေးခြင်းဖြစ်သည်။ ဤစနစ်က ဝင်ရောက်ဖွက်ဖက်မှုများကို အတော်ပင် အားကောင်းစွာ အကာအကွယ်ပေးသည်။ အကြောင်းမှာ ပါလီမန်လွှတ်တော်တွင် ပါတီစုံပါဝင်သော သဘာဝကြောင့်ဖြစ်သည်။ ပါလီမန်စနစ် ကျင့်စဉ်ကြောင့် ဝင်ရောက်စွက်ဖက်နိုင်သည့် အခွင့်အလမ်းကို ထိန်းချုပ်ထားနိုင်ပေသည်။ သို့သော် ဝန်ကြီးဌာနတခုခုကသာ ဘတ်ဂျက်အသုံးစားရိတ်ကို အတည်ပြုပေးမည်ဆိုလျှင်၊ ကောင်စီအနေဖြင့် အကာအကွယ်အနည်းဆုံးရသည့် အနေအထားဖြစ်သွားနိုင်သည်။ ဝန်ကြီးဌာနတခု၏ လက်အောက်ခံ ကဲ့သို့ဖြစ်ခဲ့လျှင် အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်ခံရသည့် သဘောဖြစ်သွားနိုင်သည်။

Press Council ကဲ့သို့လူထုလူတန်းစား အခြေပြု အဖွဲ့အစည်းတခုသည် ပြည်သူလူထုအား တာဝန်ခံရန် အလွန် အရေးကြီးပေသည်။ လူထု၏ အခွန်ဘဏ္ဍာမှ ငွေကြေးအထောက်အပံ့ယူထားသည့်အလျောက်၊ အဖွဲ့၏ အစီရင်ခံချက်များကို ဝန်ကြီးဌာနတခုထံ တင်သွင်းခြင်းထက်၊ ပါလီမန်သို့တင်ပြခြင်းက ပိုမိုကောင်းမွန်ဆီလျော်သည့်

အပြင်၊ အောင်မြင်မှုလည်း ရှိနိုင်သည်။ အခြားတာဝန်ခံမှုနည်းစနစ်တခုမှာ ကောင်စီ၏ အသုံးစားရိတ် ငွေစာရင်းများကို လွတ်လပ်သော စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကို ခံယူနိုင်ခြင်းဖြစ်သည်။

## ၅။ သတင်းစာ ကောင်စီ (Press Council ) ၏ အခန်းကဏ္ဍ နှင့် လုပ်ငန်းတာဝန်

တိုင်ကြားချက်များ

Press Council များ၏ ပဓါနလုပ်ငန်းတာဝန်မှာ လူထုထံမှ တိုင်တန်းချက်များကို ပြေလည်အောင် ဖြေရှင်းပေးရခြင်းများဖြစ်သည်။ အထူးသဖြင့် သတင်းမီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်အညီ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်း မပြု သည့်အတွက် တိုင်တန်းချက်များပေါ်လာလျှင် ကောင်စီက ဖြေရှင်းပေးရသည်။ ဤ ပြဿနာမျိုးကို နည်းလမ်းတကျ ဖြေရှင်း နိုင်ရန်၊ Press Council များသည် သတင်းမီဒီယာသမားများ လိုက်နာကျင့်ကြံရမည့် အနိမ့်ဆုံး စံချိန်စံညွှန်းများကို ရှင်းလင်း တိကျစွာ ရေးဆွဲပြဋ္ဌာန်းထားရန် လိုပေမည်။

တနည်းပြောရလျှင် "လုပ်ငန်းပိုင်းဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း" (သို့မဟုတ်) အလားတူ စာချုပ်စာတမ်း မှတ်တမ်းမှတ်ရာ စသဖြင့် သတ်မှတ်ပြဋ္ဌာန်းထားရန်ဖြစ်သည်။ ကောင်စီများအနေဖြင့် လူထုထံမှ တိုင်တန်းချက်များကို မည်သို့မည်ပုံ အရေးယူဆောင်ရွက်မည်ဆိုသည်ကို လုပ်ထုံးလုပ်နည်းအစီအစဉ်များ ရေးဆွဲချမှတ် ထုတောင်ထား ရှိဖို့လည်းလိုအပ်သည်။ ဤ ကိစ္စကို နောက်လာမည့် အခန်းတွင် အကျယ်ထပ်၍ ရှင်းပါမည်။

မည်သူတို့ကို မည်သည့်အကြောင်းကြောင့်၊ ကျင့်ဝတ်စည်းကမ်းနှင့် ချည်နှောင်ရမည် ဆိုသည့်အချက်မှာ ဤ ပြဿနာ၏ ဇစ်မြစ်အကြောင်းခံဖြစ်သည်။ ပိုမိုကောင်းမွန်သော ကျင့်စဉ်မှာ သတင်းမီဒီယာလုပ်ငန်းများကိုယ်တိုင် ဆောင်ရွက်ရန်ဖြစ်သည်။ ပုဂ္ဂလိက တဦးချင်း တယောက်ချင်းသတင်းစာဆရာများထက်၊ သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက် စသည်တို့က တာဝန်ယူကြရန်ဖြစ်သည်။ ဤသို့ဆိုရခြင်းမှာ အကြောင်း ၂ ချက်ရှိ၍ ဖြစ်သည်။ ပထမအချက်မှာ သတင်းစာဆရာ သတင်းထောက် တဦးချင်းစီက သတင်းနှင့် သတင်းဆောင်းပါးစသည်တို့ကို ရေးသည်မှန်သော်လည်း၊ ပုံနှိပ်ဖော်ပြရန် ဆုံးဖြတ်ချက်ကို သတင်းစာလုပ်ငန်းပိုင်းဆိုင်ရာ စုပေါင်းတာဝန်ခံရသည့် အယ်ဒီတာအဖွဲ့ကချမှတ်သော ကြောင့်ဖြစ်သည်။

ထို့ပြင် သတင်းစာတိုက်က ပုံနှိပ်ထုတ်ဝေဖြန့်ချိသည့် သတင်းစာ၌ ပြဿနာဖြစ်စေသော အကြောင်းအရာသည် စာဖတ်ပရိသတ်ထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသွားရာမှ ထိခိုက်နစ်နာမှုပေါ်ပေါက်၍ တိုင်တန်းမှုဖြစ်ပေါ်လာခြင်း ကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ အရေးအပါဆုံး နှင့် ထိရောက်မှုအရှိဆုံး ဆေးနည်း (တိုင်တန်းမှုကို ကျေနပ်အောင် ဖြေရှင်းသည့် နည်းလမ်း) ကိုပေးနိုင်စွမ်းသူတို့မှာ သတင်းမီဒီယာလုပ်ငန်းဌာနများ (သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်၊ စာပေထုတ်ဝေရေးတိုက် စသည်) ဖြစ်သည်။

သတင်းစာကျင့်ဝတ်ကို ဖောက်ဖျက်မိကြောင်း ဝန်ခံအသိပေး တောင်းပန်သည့် ကြေညာချက်မျိုးကို ယင်းသို့သော မီဒီယာ လုပ်ငန်းဌာနများကသာ ဖော်ပြဖြန့်ဝေနိုင်သည်။ ၎င်းတို့၏ လုပ်ငန်းနေရာရရှိထားမှုမှာ ထူးခြားသဖြင့် ၎င်းတို့ အနေဖြင့် အရေးပါ၍ ထိရောက်မှု ရှိစွာ ဖြေရှင်းပေးနိုင်ခြင်းဖြစ်သည်။

Press Council က တိုင်တန်းချက်ကို လက်ခံဖြေရှင်းနေစဉ်မှာပင်၊ ပြဿနာအချို့တွင် တရားမမှုဥပဒေအရ အခြားတဖက်မှ ဆောင်ရွက်နေခြင်းမျိုးနှင့်လည်း ကြုံကြိုက်နိုင်သည်။ လူထုထံမှ တိုင်တန်းချက်များကို ကောင်စီက လက်ခံဖြေရှင်းသည့်စနစ် လုပ်နည်းလုပ်ဟန်သည် (ရာဇဝတ်မှု ဥပဒေကို မဆိုထားနှင့်)၊ တရားမမှု ဥပဒေအရ အရေးယူဆောင်ရွက်မှုကိုပင် အစားထိုးသည့် သဘောမျိုး မဟုတ်ပေ။ ကောင်စီသို့ တိုင်တန်းသည့်သဘောမှာ နားလည်မှုရရှိရန် စီမံဆောင်ရွက်ပေးရေး ဖြစ်သည်။ အနိမ့်ဆုံး လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှု မပြည့်မီသည့် မီဒီယာ (ကျင့်ဝတ်ကို နားမလည်သည့် မီဒီယာ) ဟု တဦးဦးက ခံစားနားလည်သဖြင့် ကောင်စီအားတိုင်တန်းလာပါက စိတ်သက်သာ ကျေနပ်မှုရစေရန် တိုင်တန်းချက် ကို Press Council က လက်ခံ ဖြေရှင်းပေးရသည်။

ထိုသို့ဖြေရှင်းရာတွင် အတိုင်းအတာတခုအထိ စိတ်ကျေနပ်သက်သာစေရုံမျှသာ ဆောင်ရွက်ပေးနိုင်သည်။

အဓိကအားဖြင့် အများကို ဝန်ခံ အသိအမှတ်ပြုကြောင်း ကြေညာဖော်ပြချက် ထုတ်ပြန်ပေးသည့် ပုံစံမျိုးဖြစ်သည်။ ယင်း ပုံစံမျိုးဖြင့်သာ (တိုင်တန်းမှုကို ကျေနပ်အောင်ဖြေရှင်းသည့် နည်းလမ်း)အဖြစ် ကောင်စီက ဆောင်ရွက်နိုင်ပေသည်။ အကယ်၍ တိုင်တန်းသူ ပုဂ္ဂိုလ်တဦးချင်းတို့အနေဖြင့်၊ ငွေကြေးအရ လျော်ကြေးရရှိရန် ရည်ရွယ်ပါက၊ တရားမ ဥပဒေကြောင်း အရဆောင်ရွက်သင့်ပေသည်။ အကယ်၍ သတင်းစာဆရာ/သတင်းထောက်တို့သည် ရာဇဝတ်မှု အပြုအမူ တစုံတရာနှင့် ငြိစွန်းနေသည်ဟု ထင်မြင်လျှင်လည်း၊ ရာဇဝတ်ကြောင်းဆိုင်ရာ တရားဥပဒေနည်းလမ်းဖြင့် ဆောင်ရွက်သင့်ပေသည်။

## သတင်းမီဒီယာ လွတ်လပ်ခွင့်ကို မြှင့်တင်ခြင်း

တိုင်တန်းချက်များကို ဖြေရှင်းဆုံးဖြတ်ပေးရသည့် လုပ်ငန်းဆောင်တာများအပြင်၊ ယေဘုယျအားဖြင့် Press Council များတွင် သတင်းစာလွတ်လပ်ခွင့်ကို ကာကွယ် မြှင့်တင်ရေးအတွက် နှင်းအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်ရှိမှုများလည်း ရှိသည်။

သတင်းမီဒီယာ လွတ်လပ်ခွင့်မြှင့်တင်ရေးကိစ္စကို ဆောင်ရွက်ရာ၌၊သတင်း မီဒီယာလုပ်သားများပါအဝင်၊ လူမှုအဖွဲ့ အစည်းအမျိုးမျိုးအကြားတွင် လုပ်ဆောင်ရမည်။ ဒီမိုကရေစီစနစ်ထူထောင်ရာတွင် သတင်းမီဒီယာလွတ်လပ်ခွင့်၏ အခန်းကဏ္ဍ နှင့် အရေးကြီးမှု အကြောင်းကို လူထုလူတန်းစားအသီးသီး သိရှိနိုးကြားနေစေရန်ဖြစ်သည်။ ဤ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် လှုပ်ရှားမှုနည်းနာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများစသည့် ပုံသဏ္ဍာန်များကို အသုံးပြု၍ လူထုလူတန်းစားအမျိုးမျိုး အကြားတွင် သတင်းစာလွတ်လပ်ခွင့် လှုပ်ရှားမှုများ မြှင့်တင်နိုင်သည်။ လူမှုအဖွဲ့အစည်းတခုခုကို အဓိကထား၍ ဖြစ်စေ၊ အကြောင်းအရာခေါင်းစဉ်တခုခုကို အဓိကထား၍ ဖြစ်စေ၊ သတင်းစာလွတ်လပ်ခွင့် အရေးကြီးမှုကို နိုးနိုးကြားကြားသိမြင်နေစေရန် လှုပ်ရှားမှုများ ပြုလုပ်နိုင်သည်။ ထိုသို့ လှုပ်ရှားမှုများဖော်ဆောင်ရာတွင် သတင်းမီဒီယာ များကို အသုံးပြု၍ဖြစ်စေ၊ လူထုအကြား ရေပန်းစားသောနည်းနာများကို သုံး၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

သတင်းမီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရာတွင် ကျယ်ပြန့်သော အတိုင်းအတာလှုပ်ရှားမှုများဖြင့် စွမ်းအားရှိရှိ ပါဝင်နိုင်သည်။ ဤလွတ်လပ်ခွင့်ကို ခြိမ်းခြောက်လာမှုများအား တုံ့ပြန်ရန် လိုအပ်ချက် အပေါ်တွင်လည်း တစိတ်တပိုင်းအားဖြင့် မူတည်သည်။ အချို့သော အရေးကိစ္စများတွင် Press Council များအနေဖြင့် မီဒီယာ လွတ်လပ်ခွင့်အား ထိခိုက်နိုင်သော ဥပဒေကြမ်းများကို အတည်မပြုမီ ဝေဖန်ပိုင်ခွင့်ရှိသည်။ Press Council များအနေဖြင့် မီဒီယာလွတ်လပ်ခွင့်အား ခြိမ်းခြောက်လျှင်ဖြစ်စေ၊ ထိပါးတိုက်ခိုက်လာလျှင်ဖြစ်စေ၊ ကန့်ကွက်နိုင်ခွင့်ရှိသည်။

အချို့ကိစ္စများတွင်ကောင်စီသည် ထိခိုက်နစ်နာသည့် မီဒီယာသတင်းသမားအား တိုက်ရိုက်အကာအကွယ်ပေး သည့် လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နိုင်သည်။ ဥပမာအားဖြင့် တရားစွဲခံသည့် သတင်းထောက်အတွက် တရားရင်ဆိုင်ရန် ဥပဒေ အထောက်အကူ စီစဉ်ပေးခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းရသည့် အမှုကိစ္စများတွင် ပါဝင်ပတ်သက်ရခြင်းမျိုးလည်း ရှိနိုင်သည်။ သို့မဟုတ် Press Council များအနေဖြင့် သတင်းထောက်များ၏ ဘေးရန် လုံခြုံရေးကိစ္စများအတွက် စီမံထောက်ကူမှုများလုပ်ဆောင် ပေးနိုင်သည်။ ဥပမာအားဖြင့် လုံခြုံရေးဆိုင်ရာ သင်တန်းပေးခြင်း၊ လုံခြုံရေး အထောက်အကူပြု ပစ္စည်းများစီစဉ်ပေးခြင်းတို့ ဖြစ်သည်။

များသောအားဖြင့် သတင်းမီဒီယာဥပဒေများတွင် Press Council တို့အား အဆိုပါ လုပ်ပိုင်ခွင့်များအပ်နှင်းထား ကြောင်း ထည့်သွင်းပြဌာန်းထားသည်။ ကောင်စီအနေဖြင့် မိမိရရှိထားသော ဘဏ္ဍာငွေကြေးပစ္စည်းဘောင်အတွင်း၌ အကောင်း ဆုံးဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့် ပေးထားသည်။ များသောအားဖြင့် ဤကဲ့သို့သော လုပ်ငန်းဆောင်တာမျိုး အတွက် Press Council များအနေဖြင့် "အထူး အသုံးစရိတ် ငွေကြေးအထောက်အပံ့" များ ထူထောင်ထားရှိရသည်။ အဖွဲ့ထူထောင်စဉ်ကပင် ထိုသို့ဆောင်ရွက်နိုင်ရန် ("အထူးအသုံးစရိတ် ငွေကြေး အထောက်အပံ့" များ ထူထောင်ထားရှိနိုင်ရန်) ဥပဒေစည်းမျဉ်းထည့်သွင်း ဖော်ပြထားရန် အရေးကြီးသည်။

မှတ်ပုံတင်ခြင်း

ကမ္ဘာ့နိုင်ငံအများအပြားတွင် သတင်းစာများအား မှတ်ပုံတင်စေသည့်စနစ်ကို ကျင့်သုံးကြသည်။ မှတ်ပုံတင်ရသည့် စနစ်ကိုရေးကြီးခွင်ကျယ် ကိစ္စတရပ်ဟု ယေဘုယျအားဖြင့် မယူဆကြပေ။ ဤကိစ္စသည် တရားဝင် သတင်းစာထုတ်ဝေခွင့်ရရုံကိစ္စ တခုမျှသာမဟုတ်၊ အခြား အရေးကြီးသော လူမှုရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်များတွင်လည်း မှတ်ပုံတင် လိုအပ်သည်။ သို့သော် အထူးလေ့လာဆန်းစစ်ချက်များအရ၊ မှတ်ပုံတင်ခြင်းကိစ္စသည် အကန့်အသတ်ဖြင့်သာ အသုံးဝင်သည်။ နိုင်ငံအချို့၏ အတွေ့အကြုံများတွင် မှတ်ပုံတင်ကိစ္စကို အကြောင်းခံ၍ မတရားပြုလုပ်ခံရခြင်းများရှိကြောင်း တွေ့ရသည်။ ဥပမာ အစိုးရအဖွဲ့ကို ဝေဖန်လေ့ရှိသည့် သတင်းမီဒီယာတို့ကို မှတ်ပုံတင်ဖြင့် အကျပ်ကိုင်ခံရခြင်းမျိုးဖြစ်သည်။

သတင်းမီဒီယာတို့ကို မှတ်ပုံတင်စေခြင်းနှင့်စပ်လျဉ်း၍ အခြားစဉ်းစားရန် အကြောင်းပြချက် တခုရှိသည်။ အကယ်၍ သတင်းမီဒီယာတခုခု၏ ရေးသားဖော်ပြချက်များသည် လူပုဂ္ဂိုလ်အချို့အားထိခိုက်နစ်နာမှုဖြစ်ခဲ့လျှင်၊ နစ်နာသူတို့အနေဖြင့် ထိုသတင်းစာအား တရားစွဲဆို၍ ဥပဒေအရအရေးယူနိုင်ရန် မှတ်ပုံတင်စေခြင်းဖြစ်သည်။ လက်တွေ့အခြေအနေတွင် သတင်းမီဒီယာလုပ်ငန်း အများစုသည် တရားဝင်လုပ်ကိုင်နေသော သတင်းဌာနများအဖြစ် မှတ်ပုံတင်ထားကြပြီးဖြစ်သည်။ ဥပမာအားဖြင့် သတင်းစာ စီးပွားရေးလုပ်ငန်း ကော်ပိုရေးရှင်းများ အဖြစ် မှတ်ပုံတင်ကြခြင်းမျိုးဖြစ်သည်။ ဗြိတိန်နိုင်ငံတွင်မူ ကော်ပိုရေးရှင်းအဖြစ် မှတ်တင်ထားခြင်းမရှိသော သတင်းစာ မီဒီယာများသည် သတင်းဌာနအနေဖြင့် မှတ်ပုံတင်ကြရသည်။

ရည်ရွယ်ချက်မှာ နိုင်ငံသားတဦးဦးက သတင်းစာအား တရားစွဲဆိုလိုလျှင် မည်သည့်သတင်းဌာနဖြစ်ကြောင်း သေချာစေရန် ဖြစ်သည်။ သတင်းစာများအား မှတ်ပုံတင်ခိုင်းသည့် ခိုင်လုံသော အကြောင်းပြချက်တခုမှာ သတင်းစာ သတင်းမီဒီယာ အရေအတွက်နှင့်တကွ ထိုသတင်းဌာနများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းပြုစုထားရှိနိုင်ရန် ဖြစ်သည်။ ကော်ပိုရေးရှင်းတခု အဖြစ် မှတ်ပုံတင်သည့် လုပ်ငန်းဖြစ်ပါက၊ ဗဟိုသတင်းအချက်အလက်စုဆောင်းရေးစနစ်တွင် ၎င်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ထည့်သွင်းထားရှိသည်။

သတင်းစာအတွက် လိုအပ်ချက်တခု အနေဖြင့် မှတ်ပုံတင်ကို စွဲကိုင်ထားသည်ဖြစ်လျှင်၊ Press Council ၏ ကြီးကြပ်မှု စနစ်အောက်၌၊ သတင်းလွတ်လပ်ခွင့် ချိုးဖေါက်ခံရမှုအန္တရာယ်ကို အတော်များများ လျှော့ချနိုင်မည် ဖြစ်သည်။ ဤ နည်းအတိုင်း အင်ဒိုနီးရှားတွင် ဆောင်ရွက်ကြပေသည်။

အထွေထွေ လူမှုရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်း

လူ့အဖွဲ့အစည်းများသည် ပိုမိုလွတ်လပ်ပွင့်လင်းသော ဒီမိုကရေစီစနစ်ဆီသို့ လျှင်မြန်စွာ ကူးပြောင်းလာသည်နှင့် အမျှ ဤဖြစ်စဉ်သည် အစဉ်အလာ သမားရိုးကျ နားလည်မှုများ၊ ဆက်ဆံမှုများနှင့် ရံဖန်ရံခါ အငြင်းပွားမှု ဖြစ်ရတတ်သည်။ ဤကဲ့သို့သော ဖြစ်ရပ်များကို အခြားနေရာများမှာထက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခြင်း နယ်ပယ်တွင် ပိုတွေ့ရလေသည်။ သတင်းစာဆရာများ သတင်းထောက်များက လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခြင်းဆိုင်ရာ အခွင့်အရေးအရ သူတို့အနေနှင့် သူတို့ ကြိုက်သလိုရေးသား ပုံနှိပ်ဖော်ပြနိုင်သည်ဟု ရံဖန်ရံခါ ထင်မြင်ယူဆတတ်ကြသည်။ ဤယူဆချက်မှာ မမှန်ပေ။ သတင်းစာလွတ်လပ်ခွင့်ဆိုင်ရာ နယ်နိမိတ်အသစ်များကို လေးစားနားလည်ရေးကိစ္စသည် အခြား လူမှုရေးရာကိစ္စများတွင် ပါဝင်ဆောင်ရွက်သူများအဖို့ မကြာမကြာ စိန်ခေါ်မှုများ သဖွယ်တွေ့နေရသည်။

ဥပမာအားဖြင့် သတင်းစာတွင် ပြင်းထန်သော ဝေဖန်ရေးသားချက်များဖြင့် ဝေဖန်ခြင်းကို နိုင်ငံရေးသမားတို့ အနေဖြင့် ကျင့်သားမရသကဲ့သို့ဖြစ်သည်။ အခြားသူများအနေဖြင့်လည်း လူမှုရေးအရ အကျပ်တွေ့စေနိုင်သည့် ပြဿနာရပ်များကို သတင်းစာ မဂ္ဂဇင်းတို့တွင် ဖော်ပြဆွေးနွေးခြင်းများနှင့် ကျင့်သားမရကြချေ။

နိုင်ငံအချို့တွင် ထိုကဲ့သို့သော အငြင်းပွားမှုများကို ဖြေရှင်းပေးရာ၌ ပုဂ္ဂိုလ်ရေး တိုင်တန်းချက်များမျှကိုသာ ဖြေရှင်း

ပေးခြင်းထက် ကျော်လွန်၍၊ Press Council များအား ပိုမိုကျယ်ပြန့်သော အငြင်းပွားမှုဆိုင်ရာ အဆုံးအဖြတ် ပေးနိုင်သည့် အခန်းကဏ္ဍတွင် နေရာပေးကြသည်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံတွင် Press Council သည် သတင်းမီဒီယာနှင့် မူစလင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကိုကောင်းစွာ ဖြေရှင်းပေးနိုင်ကြောင်းတွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အခြေအနေနှင့် ဆီလျော်စွာ အကန့်အသတ်ဖြင့် ကျင့်သုံးသည့် သတင်းမီဒီယာတို့၏ ပြုမူဆောင်ရွက်ချက်များကိုပင် မူစလင် အဖွဲ့အစည်းများအနေဖြင့် နားလည်မှုလွဲမှားခြင်း၊ သဘောကွဲလွဲခြင်းများရှိခဲ့သည်။ ထို့ပြင် Press Council သည် အစိုးရနှင့် သတင်းစာများအကြား ပေါ်ပေါက်ခဲ့သော သဘောကွဲလွဲမှုများကိုလည်း အလားတူ ဖြေရှင်းပေးနိုင်ခဲ့သည်။

## လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှု မြှင့်တင်ရေး

နိုင်ငံအများအပြားရှိ သတင်းစာ ကောင်စီအဖွဲ့ Press Council များ၏ အခြား အရေးကြီး အခန်းကဏ္ဍတခုမှာ တိုင်တန်းမှုများပေါ်ပေါက်မလာအောင် ကြိုတင်ကာကွယ်ရေးကို ဦးစားပေးလုပ်ရန်ဖြစ်သည်။ အတိုင်အတန်းခံရမှု သက်သာစေရန်အတွက် သတင်းထောက်များအား လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှု မြှင့်တင်ရေးကြီးမားကျယ်ပြန့်စွာ လုပ်ပေးရမည်ဖြစ်သည်။ ဤ ကိစ္စသည် နိုင်ငံအများစုရှိ သတင်းထောက်များအား လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှု မြှင့်တင်ပေးရမည့် မဟာတာဝန်ကြီး တရပ်ဖြစ်သည်။

ဤ မဟာတာဝန်ကြီးကို Press Council က ထမ်းဆောင်ရာတွင် အခြား ပဓါနတာဝန်ရှိသူများဖြစ်သည့် အစိုးရအဖွဲ့ နှင့် သတင်းစာ၊ ဂျာနယ်စသည့် သတင်းမီဒီယာလုပ်ငန်းများလည်း ပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။ သို့သော် ထိုသို့ လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ရာတွင် Press Council အနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုကို ဖွံ့ဖြိုးရေးသင်တန်းများတွင် အသုံးချနိုင်မှသာ မလွဲကေန် အကျိုးကျေးဇူးရရှိနိုင်မည် ဖြစ်သည်။ ဤနေရာတွင် မဟာဗျူဟာအရ သတ်မှတ်ထားသည့် ပါဝင် ဆောင်ရွက်ပိုင်ခွင့် မူဘောင်အတွင်း၌သာ Press Council ၏အခန်းကဏ္ဍကို ကန့်သတ်ထားရမည်။

သို့မှသာ ပိုမိုထိရောက်မှု ရှိမည်ဖြစ်သည်။ ဥပမာ Press Council အနေဖြင့် သင်တန်းဆရာများ စီစဉ်ပေးခြင်း၊ သင်ရိုးညွှန်းတမ်းတိုးချဲ့ တီထွင်ပေးခြင်း စသည်တို့တွင် ပါဝင်ခွင့်ပြုခြင်းမျိုး ဖြစ်သည်။

# ကျင့်ဝတ်စည်းကမ်း ဖွံ့ဖြိုးရေးနှင့် လက်တွေ့အသုံးချရေး

ကျင့်ဝတ်စည်းကမ်းတခုကို ဖွံ့ဖြိုးစေခြင်း

မည်သည့် မီဒီယာဥပဒေစနစ်ဆိုင်ရာ တိုင်တန်းမှုမျိုးတွင်ဖြစ်စေ "ကျင့်ဝတ်စည်းကမ်း"သည် ဗဟိုချက်နေရာတွင် ရှိသဖြင့် အရေးအကြီးဆုံးဖြစ်သည်။ လူထုနေရာမှ ကြည့်လျှင် သတင်းမီဒီယာအပေါ် သူတို့အနေနှင့် မည်၍မည်မျှ မျှော်လင့်နိုင်သည်ဆိုခြင်းကို ၎င်းတို့၏ "ကျင့်ဝတ်စည်းကမ်း" လိုက်နာကျင့်သုံးမှု စံချိန်စံညွှန်းအရ သိနိုင်သည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ အကူးအပြောင်းကာလတွင်၊ သတင်းမီဒီယာတို့ ကျင့်ဝတ်လိုက်နာရေးသည် အရေးကြီးသည့် ကိစ္စဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စပ်ကူးမတ်ကူးကာလတွင် နားလည်မှုလွဲမှားခြင်း ပြဿနာများ အလွန်ဖြစ်လေ့ဖြစ်ထရှိသဖြင့်ဖြစ်သည်။ သတင်းမီဒီယာ အဆင့်အတန်းကို သတ်မှတ်ရာတွင်၊ ပြည်သူလူထု ကိုယ်တိုင်က၊ သင့်လျှော်သော မီဒီယာ"ကျင့်ဝတ်စည်းကမ်း" အား ရည်ညွှန်းကိုးကား အသုံးချတတ်လျှင်၊ နိုးကြားမှုမြင့်တင်ရေး ကိရိယာကို လူထုအနေနှင့် သုံးတတ်သည်ဟုဆိုရမည်။ သို့ဆိုလျှင် မီဒီယာနှင့် လူ့အဖွဲ့အစည်းအကြား၊ ပဋိပက္ခများ လျှော့ချ နိုင်မည်ဖြစ်သည်။

သတင်းစာ မီဒီယာတို့နေရာမှကြည့်လျှင်၊ ၎င်းတို့အတွက် အနိမ့်ဆုံးအဆင့်နှုန်းစံကို "ကျင့်ဝတ်စည်းကမ်း" က ပြဋ္ဌာန်းဆိုလျှက်ရှိကြောင်း တွေ့ရမည်။ လူထု၏ မျှော်လင့်ချက်ကို မီဒီယာက မည်မျှ ထမ်းရွက်နိုင်သည်ကို ကျင့်ဝတ်က ဖော်ပြပေသည်။ အချို့သော သတင်းစာဆရာများသည် "ကျင့်ဝတ် စည်းကမ်း" စီစဥ်ပြုစုရာတွင် ပါဝင်ပတ်သက် ကြသော်လည်း၊ အချို့မှာ ကျင့်ဝတ်စည်းကမ်းနှင့် သိပ်အကျွမ်းမဝင်ကြပေ။ ဤအချက်မှာ ကျင့်ဝတ် လိုက်နာရန် နိုးကြားမှု မြှင့်တင်ရေးအတွက် အခြေခံအချက်ဖြစ်သည်။ ကျင့်ဝတ်လိုက်နာရန် နိုးကြားမှု မြှင့်တင်ရေးကိစ္စသည် မီဒီယာဥပဒေ စနစ် တရားမျှတမှုရှိရေးကို သေချာစေသည့် ပဓါနကိစ္စလည်းဖြစ်သည်။ မီဒီယာဥပဒေစနစ် တရားမျှတမှု မရှိလျှင်၊ သတင်းစာ ဆရာ/ သတင်းထောက်များအနေဖြင့် ကျင့်ဝတ်စည်းကမ်းနှုန်းစံများကို လွယ်လင့်တကူ လိုက်နာမည်ဟု မျှော်လင့်၍ မရနိုင်ပေ။ ၎င်းတို့လိုက်နာနိုင်ရန် ကျင့်ဝတ်စည်းကမ်းကို ရှင်းလင်းသေချာစွာ ဖော်ပြဖို့လိုပေသည်။ ချုံ၍ ဆိုရလျှင် ရှင်းလင်းသေချာစွာ ရေးဆွဲပြဋ္ဌာန်းထားသော "ကျင့်ဝတ်စည်းကမ်း" တရပ် ရှိထားပါက၊ ဖြစ်ပေါ်လာနိုင်သည့် အလားအလာ များကို အသေအချာသိရှိနိုင်ရန် အထောက်အကူဖြစ်ပေမည်။

တရားမျှတမှုရှိစွာ ရေးဆွဲထားသော "ကျင့်ဝတ်စည်းကမ်း" ဖြစ် သဖြင့်လည်း၊ ထိုကျင့်ဝတ်စည်းမျဉ်းကို အချိန်နှင့်အမျှ တသမတ်တည်း ကျင့်သုံးနိုင်ပေသည်။

နိဂုံးချုပ်အားဖြင့် သတင်းစာ ကောင်စီအဖွဲ့ Press Council တွင် "ကျင့်ဝတ်စည်းကမ်း" ကို လက်ခံကျင့်သုံးရမည့် တာဝန်ရှိပေသည်။ တချိန်တည်းတွင်၊ စိတ်ပါဝင်စားမှုရှိသည့် အကျိုးတူပါဝင်ဆောင်ရွက်ခွင့်ရှိသူများအား လည်း "ကျင့်ဝတ်စည်းကမ်း" ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံဉာဏ်များပေးရန် အခွင့်အရေးပေးရမည်။ ထိုသို့ အကြံပြုနိုင်ရန် လမ်းဖွင့်ပေးရေးမှာ အလွန်အရေးကြီးသည်။ သတင်းလောကသားများ ကိုယ်တိုင်ဤကျင့်ဝတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်၌ ပါဝင်ဆောင်ရွက်ကြရေးမှာ အထူးသဖြင့် အရေးကြီးသည်။ "ကျင့်ဝတ်စည်းကမ်း" သည် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုအခြေခံသည့် သတင်းမီဒီယာကျင့်စဥ် အစစ်အမှန်ကို ထင်ဟပ်ရမည်ဖြစ်ပါသည်။ ထိုကိစ္စကို ဆောင်ရွက်ရာတွင်၊ သတင်းမီဒီယာလောက အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်ချက်များကို နားလည်ရန်လိုသည်။ ထိုစိန်ခေါ်ချက်များအပေါ်အခြေခံ၍ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ရန် လိုအပ်ပေသည်။ အပြန်အလှန်အားဖြင့် သတင်းစာဆရာ/ သတင်းထောက်များကိုယ်တိုင် ပါဝင် ဆောင်ရွက်မှသာလျှင် ကျင့်ဝတ်ဖွံ့ဖြိုးရေး လုပ်ငန်းစဥ်အောင်မြင်နိုင်မည် ဖြစ်သည်။ ၎င်းအပြင် သတင်းမီဒီယာလောကသားများ နှင့် သတင်းလောကအားရှေ့ဆောင် ရှေ့ရွက်ပြုနေသူများ ကိုယ်တိုင် ယုံယုံကြည်ကြည် သတ်မှတ်ပြဋ္ဌာန်းပေးသည့် ကျင့်ဝတ်များ နှုန်းစံများ ပါဝင်ဖို့လည်း အရေးကြီးသည်။

သို့မှသာ ထို "ကျင့်ဝတ်စည်းကမ်းများ" သည် သူတို့ကိုယ်တိုင် တန်ဖိုးထားသည့် နှုန်းစံများဖြစ်ကြောင်း ယုံယုံကြည်ကြည် လက်ခံသောသဘော သက်ရောက်မည်ဖြစ်သည်။ ဤကိစ္စသည် "ကျင့်ဝတ်စည်းကမ်း" နှင့်အညီ တရားဝင်တိုင်တန်းမှုစနစ် မြှင့်တင်ရေးနှင့် တန်းတူပင် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပါဝင်ဆောင်ရွက်ခြင်းသည် မိမိဆန္ဒသဘောထားအလျောက် ကျင့်ဝတ်ကိုလေးစားလိုက်နာခြင်းဖြစ်၍၊ လွန်စွာ ထိရောက်မှု ဖြစ်စေမည် ဖြစ်သည်။ ကောင်းမွန်သော သတင်းမီဒီယာဥပဒေတခုသည် လွယ်ကူရှင်းလင်းစွာ နားလည် နိုင်သော (Press Council) ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထည့်သွင်းထားရမည်။ ဆိုလိုသည်မှာ မီဒီယာ"ကျင့်ဝတ်စည်းကမ်း" ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်းတိုင်ပင်ရန် (Press Council) တွင် တာဝန်ရှိကြောင်း (Press Law) တွင် ထည့်သွင်းဖော်ပြရန်ဖြစ်သည်။

ကျင့်ဝတ်စည်းကမ်းတွင် ပါဝင်သည့် အကြောင်းအရာ

မီဒီယာ"ကျင့်ဝတ်စည်းကမ်း" သည် တနိုင်ငံနှင့် တနိုင်ငံ မတူခြားနားမှုများရှိသည်။ အသုံးပြုသည့် နယ်ပယ် အတိုင်းအတာပေါ်တွင်လည်း မူတည်သည်။ ဥပမာ သတင်းမီဒီယာလုပ်ငန်းများ၏ နယ်ပယ်အတွင်း၊ သို့မဟုတ် သတင်းစာဆရာ သတင်းထောက်တို့နယ်ပယ်အတွင်း စသဖြင့်ဖြစ်သည်။ တချိန်တည်းမှာပင်၊ နိုင်ငံအသီးသီးရှိ 'ကျင့်ဝတ် စည်းကမ်းများစွာအတွင်း လိုက်လျောညီထွေ တူညီချက်များ အများအပြားရှိသည်ကို တွေ့ရသည်။ တနည်းဆိုရလျှင် ပဓါနကျသည့် နှုန်းစံ သတ်မှတ်ချက်များ တူသည်ကို အနိမ့်ဆုံးအားဖြင့် တွေ့ရသည်။ သတင်းစာများ ပုံနှိပ်ထုတ်ဝေရာတွင် ပါဝင်ရမည့် အကြောင်းအရာ ခေါင်းစဉ်များကို ဖော်ပြရာတွင်၎င်း၊ သတင်းထောက်များအနေဖြင့် သတင်းဇာတ်လမ်းများ ရရှိရေးအတွက်၊ မည်ကဲ့သို့ကျင့်ကြံဆောင်ရွက်ရမည်စသည့် အကြောင်းအရာများတွင်၎င်း၊ တူညီသည်ကိုတွေ့ရသည်။

အချို့သော ယေဘုယျတူညီချက်များမှာ ကမ္ဘာ့နိုင်ငံများစွာတွင် အမှန်ပင် တူညီသည်ကိုတွေ့ရသည်။ သတင်းစာ ကျင့်ဝတ်သဘော သဘာဝအရတိကျသေချာမှု ရှိနိုင်မျှ ရှိအောင် ကြိုးစားရမည် ဆိုသည့် အချက်များ ထည့်သွင်းထားခြင်းမျိုး ဖြစ်သည်။ သူတပါး အတွင်းရေးကိစ္စကို မထိခိုက်စေရန် ကာကွယ်ရသည့် စည်းမျဉ်းမျိုး၊ သတင်းဖြစ်စဉ်တွင် ပါဝင်နေသည့် ကလေးသူငယ်များအား မည်သို့ပြုမူဆက်ဆံရမည်ဆိုသည့် စည်းမျဉ်းမျိုး၊ လျှို့ဝှက်ထားရမည့် သတင်းရင်းမြစ်များကို ကာကွယ်ရမည့်တာဝန်ရှိသည့်စည်းမျဉ်းမျိုး၊ သတင်းရေးခ ပေးချေရေးစည်းမျဉ်းမျိုး...စသည်တို့ ယေဘုယျတူညီကြသည်။

အချို့သော ကိစ္စများတွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ အဓိကထည့်သွင်း စဉ်းစားရမည့်အကြောင်းအရာများကို သတင်းမီဒီယာဥပဒေတွင် တိုက်ရိုက်အကျဉ်းချုံး ဖော်ပြရမည်။ ထိုအချက်များနှင့် စပ်လျဉ်းသည့် အသေးစိတ် ရှင်းလင်းချက်ကိုမူ၊ ကျင့်ဝတ်စည်းမျဉ်း တွင် ဖော်ပြရန် ချန်လှပ်ထားရန်ဖြစ်သည်။

ကျင့်ဝတ်ဆိုင်ရာ တိုင်တန်းမှုစနစ် နှင့် တရားမကြောင်း ဥပဒေ(သို့မဟုတ်) ရာဇဝတ်ကြောင်း ဥပဒေတို့၏ ခြားနားချက်ကို နှိုင်းယှဉ်၍ ပြောရလျှင် သက်သောင့်သက်သာ ကုစားမှု နှင့် ဥပဒေအရ အရေးယူမှုသဘောမျိုးဖြစ်သည်။ ဥပဒေစည်းမျဉ်း ချိုးဖေါက်ခဲ့လျှင် သက်တောင့်သက်သာ ကုစားမှု (သို့မဟုတ်) ဥပဒေအရ အရေးယူမှုတခုခုကို ခံယူရမည် ဖြစ်သည်။

ဤကိစ္စကို အပြန်အလှန်သဘောအရ ဖော်ပြရလျှင် အချို့နေရာများ၌ ကျင့်ဝတ်စည်းမျဉ်း ပြဋ္ဌာန်းချက်အရ အရေးယူခြင်းသည် တရားမ (သို့မဟုတ်) ရာဇဝတ် ဥပဒေအရ အရေးယူခြင်းထက် ပိုမို၍ ပြစ်ဒဏ်စံချိန် ကြီးလေးသည်။ ဥပမာ ရန်လိုသွေးထိုးလှုံ့ဆော်မှုအား နိုင်ငံအစိုးရများက ရာဇဝတ် ဥပဒေအာဏာဖြင့် တားမြစ်ထားသည့် အချက်ကို နိုင်ငံတကာဥပဒေတွင်ကန့်သတ်ထားသည်။ များစွာသော မီဒီယာကျင့်ဝတ်စည်းမျဉ်းဥပဒေတို့သည် ယင်းကန့်သတ်ချက် ကို ကျော်လွန်၍ စည်းကမ်းပြဋ္ဌာန်းကြသည်။ သတင်းမီဒီယာလုပ်ငန်းဌာနများအနေဖြင့် ရေးရိုးအစဉ်အလာ လုပ်ဟန်များ (သို့မဟုတ်) ခွဲခြားဆက်ဆံခြင်းများကို ထောက်ခံအားပေးပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြရန် ကျင့်ဝတ်စည်းမျဉ်း များတွင် ဖော်ပြကြသည်။

တိုင်တန်းမှုကို စဉ်းစားဆုံးဖြတ်ခြင်း

အမှုကိစ္စ အတော်များများတွင် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ရန်ကိစ္စကို Press Council က ကျင့်ဝတ်စည်းမျဉ်းနှင့် အညီ ဆောင်ရွက်ရန် ခွင့်ပြုထားပေသည်။ ကောင်စီသည် မကြာမကြာ စဉ်းစားဆုံးဖြတ်ချက်များကို ပြင်ဆင်တည်းဖြတ်နိုင်သည့်အပြင် ခေတ်နှင့်ဆီလျော်အောင်လည်း ပြင်ဆင်နိုင်သည်။ သို့သော်ငြားလည်း ပန်ကြားချက်များကို စဉ်းစားဆုံးဖြတ်ရန်အတွက် မီဒီယာဥပဒေ၌ အခြေခံမူဘောင် ချမှတ်ပေးထားပြီးဖြစ်သည်။ ဥပမာအားဖြင့် အချိန်အခါနှင့်အညီဖြစ်စေရန်၊ တရားမျှတမှုရှိစေရန် စသည့် လိုအပ်ချက်များကို ဥပဒေ၌ ဖော်ပြထားသည်။

တိုင်တန်းမှုကို စဉ်းစားဆုံးဖြတ်ခြင်းပြုရာတွင် ပိုမို၍ တိကျသေချာသော စည်းမျဉ်းစည်းကမ်းများ ထည့်သွင်းထားနိုင်သည်။ ဥပမာ ပန်ကြားချက်များကို စဉ်းစားဆုံးဖြတ်ရာတွင် အချိန်ကန့်သတ်ချက်ထားရှိခြင်း၊ ကောင်စီ၏ ရှေ့မှောက်၌ သက်ဆိုင်ရာ ပုဂ္ဂိုလ် အဖွဲ့အစည်း တို့အား ရှင်းလင်းတင်ပြချက်များ တင်ပြပိုင်ခွင့်ပေးခြင်း၊ စသဖြင့်ဖြစ်သည်။

ဥပဒေ အာဏာ တည်စေခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ အမှုကိစ္စအများအပြားတွင်၊ ကျင့်ဝတ်စည်းမျဉ်းနှင့်အညီ ဥပဒေအာဏာတည်စေရန် ဆောင်ရွက်ရာတွင်၊ သက်သာသော အရေးယူမှုများ(သို့မဟုတ်)နစ်နာမှုအတွက် လျော်ကြေးပေးစေသည့် ပုံသဏ္ဍာန်များ အကျုံးဝင်သည်။ ကျင့်ဝတ်စည်းမျဉ်း ဖေါက်ဖျက်မှုအတွက် အများဆုံးကျင့်သုံးသည့် ပြစ်ဒဏ်မှာ သတင်းစာများအတွက် လိုအပ်ချက်တခုဟု ဆိုရမည့် (စည်းမျဉ်းချိုးဖောက်မိကြောင်း) အမှားဝန်ခံချက် ထည့်သွင်းဖေါ်ပြပေးစေခြင်း ဖြစ်သည်။ အမှုကိစ္စအတော်များများတွင် ထိုသို့အမှားဝန်ခံကြောင်း ကြေညာချက်ကို (Press Council) က စီစဉ်ပေးရသည်။ အချို့ကိစ္စတွင်မူ၊ သတင်းစာတွင် ဆုံးဖြတ်ချက်တခုလုံး (သို့မဟုတ်) အရေးကြီးသည့် အပိုင်းများကို ပုံနှိပ်ဖေါ်ပြပေးရသည်။

ကျင့်ဝတ်ဖေါက်ဖျက်မှုများအတွက် အလွန်အသုံးများသော အကြောင်းပြန်ကြားချက်တခုမှာ၊ အမှားပြင်ဆင်ချက် ထည့်သွင်း၍ ဝန်ခံချက်ပေးခွင့်ပြုခြင်းဖြစ်သည်။ အမှားပြင်ဆင်ချက်ဆိုသည်မှာ၊ တိကျသေချာမှုမရှိသော အစောပိုင်းက ကြေညာချက်ကို ပြန်လည်ပြင်ဆင်သည့်အကြောင်း သတင်းစာတွင် ထည့်သွင်းဖော်ပြရသည့် လိုအပ်ချက် ဖြစ်သည်။

အကြောင်းပြန်ကြားချက်ဆိုသည်မှာ သတင်းမီဒီယာတွင် တဦးတယောက် (သို့မဟုတ်) တဖွဲ့ က မှားယွင်းရေးသား ဖော်ပြမိခဲ့ခြင်းအတွက်၊ မူရင်းဆောင်းပါးနှင့်စပ်လျဉ်း၍ ကာယကံရှင်ကိုယ်တိုင် တုံ့ပြန်ဖြေရှင်းချက်ပေးရန် ခွင့်ပြုခြင်းဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့် ရှုထောင့်မှကြည့်လျှင်၊ အမှားပြင်ဆင်ချက်ထည့်ပေးခြင်းသည် စိတ်အနှောင့် အယှက်ဖြစ်မှု ပို၍ သက်သာစေသည်။ ထို့ကြောင့် မှားယွင်းသော ကြေညာချက်ကို ပုံနှိပ်ဖော်ပြခြင်းဖြင့် မီဒီယာ ကျင့်ဝတ် ဖေါက်ဖျက်မှုကျူးလွန်သည့်အခါတိုင်း သတင်းစာတွင် "အမှားပြင်ဆင်ချက်" ထည့်ပေးစေခြင်းအားဖြင့် အရေးယူ ရပေသည်။

မီဒီယာကျင့်ဝတ် ဖောက်ဖျက်မှု ကျူးလွန်သည့်အတွက် သတင်းစာတွင် အကြောင်းပြန်ကြားချက်ထည့်သွင်း ဖေါ်ပြကာ အမှားဝန်ခံစေသည့်ကိစ္စကို ကုစားနည်းတခုအဖြစ် အသိအမှတ် ပြုထားသော်လည်း၊ တချိန်တည်းတွင် ထိုအခွင့်အရေးအား အလွဲသုံးခြင်းလည်း ဖြစ်စေနိုင်သည်။ ဥပမာ သြဇာရှိသော နိုင်ငံရေးသမားများသည် သူတို့ဝေဖန်ပြစ်တင်ခံရသည့် အခါတိုင်း မီဒီယာမျက်နှာစာပေါ် သို့တက်ရောက်ခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် ဤအခွင့်အရေးကို အသုံးချသည့် အခြေအနေမျိုးများ ပေါ်ပေါက်ခဲ့လျှင် အကန့်အသတ်ထားရှိရန် အရေးကြီးပါသည်။ မီဒီယာတခုသည် အဖွဲ့အစည်းတခုအား ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် (သို့မဟုတ်) ပုဂ္ဂလိကလွတ်လပ်ခွင့်အား ထိပါးစေသည့် ဆောင်းပါးကို ရေးသားဖေါ်ပြခဲ့ပါက ထိုလုပ်ရပ်သည် အဖွဲ့အစည်း၏ ဥပဒေနှင့်အညီ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖေါက်ရာရောက်သည့်အပြင် မီဒီယာကျင့်ဝတ်ဖောက်ဖျက်ရာလည်း ရောက်သည်။ ၎င်းကိစ္စတွင် အဖွဲ့အစည်းက မီဒီယာအား အကြောင်းပြန်ကြားချက် တောင်းဆိုပိုင်ခွင့်ရှိသော်လည်း Press Council က

ဆုံးဖြတ်ပြီးမှသာ အကြောင်းပြန်ဖြေရှင်းချက် ရေးခွင့်ရှိမည်ဖြစ်သည်။ အကြောင်းပြန်ကြားချက်ရေးခွင့်ပြုရာ၌လည်း စာမျက်နှာမည်မျှရေးခွင့်ရှိသည်၊ မည်သည့်စည်းဘောင်အတွင်းတွင်သာရေးရမည်၊ စသည့် ကန့်သတ်ချက်များထားသင့်သည်။ အထူးသဖြင့် ကျင့်ဝတ်ချိုးဖေါက်မှုအတွက် တရားမျှတမှုရှိစေရန်ဖြစ်သည်။ ( ပြန်ကြားချက်တွင် မသက်ဆိုင်သည့် အချက်အလက်များထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ပြဿနာအသစ်များတင်သွင်းလာခြင်းမျိုး မဖြစ်သင့်ဟု ဆိုလိုသည်။)

သတင်းစာ ကောင်စီအဖွဲ့ (Press Council) များအနေဖြင့် သတင်းစာများ၊ သတင်းမီဒီယာလုပ်ငန်းများအပေါ်၊ ဒဏ်ငွေများ စည်းကြပ်သည့် ပြစ်ဒဏ်ချမှတ်ခွင့် အာဏာ ရှိ မရှိ ဆိုသည်မှာလည်း စဉ်စားစရာ ကိစ္စတခုဖြစ်သည်။ ဒဏ်ငွေ စည်းကြပ်ပြစ်ဒဏ်ချမှတ်သည့် လုပ်ထုံးလုပ်နည်းကို လက်ခံပုံ တနေရာနှင့် တနေရာ မတူညီကြချေ။ ထိုသို့သော ပြစ်ဒဏ်ပေးမှု များသည် လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့် အပေါ် အတော်အတန်ကြီးမားသော သက်ရောက်မှု ဖြစ်စေသည်။ ထို့ကြောင့် "ကိုယ်တိုင် မီဒီယာ ဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" နှင့် "ပူးတွဲညှိနှိုင်း မီဒီယာဥပဒေ စည်းမျဉ်း ရေးဆွဲသည့် စနစ်" ကို ကျင့်သုံးသည့် နိုင်ငံများစွာတွင် ဒဏ်ငွေစည်းကြပ်သည့် လုပ်ထုံးလုပ်နည်းကို မသုံးကြပေ။

အခြားတဖက်မှ ကြည့်လျှင်မူ၊ ဒဏ်ငွေများ စည်းကြပ်သည့် ပြစ်ဒဏ်ချမှတ်လိုက်ခြင်းသည် မီဒီယာကျင့်ဝတ် ဖောက်ဖျက်မှု ကြီးကြီးမားမား ကျူးလွန်သဖြင့်ဖြစ်ကြောင်း အရေးကြီးသည့် ပုံသဏ္ဍာန်ဖြင့် အချက်ပြလိုက်ခြင်းဖြစ်သည်။ အကယ်၍ (Press Council) တခုသည် ဒဏ်ငွေစည်းကြပ်သည့် ပြစ်ဒဏ်ပေးမှုကို ကျင့်သုံးခွင့်ရှိသည်ဆိုလျှင် ကောင်စီသည် အမြင့်ဆုံး ဒဏ်ငွေမည်မျှအထိ ချမှတ်နိုင်ကြောင်း ဖော်ပြပါက ပိုမိုကောင်းမွန်သည့် လုပ်ထုံးဟုဆိုနိုင်သည်။ ထို့ပြင် မည်သည့်အခါမျိုးတွင် ဒဏ်ငွေပြစ်ဒဏ်ပေးနိုင်သည်ကိုလည်း စည်းမျဉ်းတွင် ရှင်းလင်းစွာဖော်ပြသင့်သည်။ ဆိုလိုသည်မှာ ကြီးမားသော သတင်းကျင့်ဝတ် ဖောက်ဖျက်ကျူးလွန်မှုမျိုးဖြစ်ပါက ဒဏ်ငွေစည်းကြပ်ပြစ်ဒဏ် ချမှတ်နိုင်သည်ဟု သတ်မှတ် ထားခြင်းမျိုးဖြစ်သည်။

"ကိုယ်တိုင် မီဒီယာဥပဒေစည်းမျဉ်းရေးဆွဲသည့် စနစ်" နှင့် "ပူးတွဲညှိနှိုင်း မီဒီယာဥပဒေ စည်းမျဉ်း ရေးဆွဲသည့် စနစ်" နှစ်ခုအကြား အရေးကြီးသော ခြားနားချက်တခုရှိသည်။ "ပူးတွဲ ညှိနှိုင်း မီဒီယာဥပဒေ စနစ်" ကျင့်သုံးသည့် Press Council ၏ ဆုံးဖြတ်ချက်များသည် ပုံမှန်အားဖြင့် တရားဥပဒေနှင့်အညီ တာဝန်ခံမှုရှိသည်။ ဤ ကိစ္စ အသေးစိတ် စွမ်းဆောင်နိုင်မှုသည် တရားဥပဒေစနစ်၏ သဘောသဘာဝအပေါ်တွင် မူတည်သည်။ ရှေးထုံးအစဉ်အလာ ဥပဒေ ကျင့်သုံးသော နိုင်ငံများတွင် Press Council အား ၎င်း၏ စီရင်ဆုံးဖြတ်ချက်များကို တရားရုံး တခုခုတွင် တရားဝင် မှတ်ပုံတင်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားခြင်းအားဖြင့် ဥပဒေအရ တာဝန်ခံမှုရရှိပြီး ဖြစ်သွားပေသည်။ သို့ဖြစ်၍ ထို Press Council ၏ စီရင်ဆုံးဖြတ်ချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင်၊ ထို ပျက်ကွက်မှုသည် တရားရုံးအား မထီမဲ့မြင်ပြုမှု မြောက်လေသည်။

ပုံမှန် မီဒီယာဥပဒေစနစ်များတွင်၊ တရားရုံး ဆုံးဖြတ်ချက်များကို ဥပဒေ အရ အာဏာတည်စေရန် Press Councilသည် ၎င်း၏ စီရင်ဆုံးဖြတ်ချက်များကို တရားရုံးတခုတွင် တရားဝင် မှတ်ပုံတင်ထားလေ့ရှိသည်။

# ၇။ အခြား ပြဿနာများ

ပိုင်ဆိုင်မှုအပေါ် အာရုံစိုက်ခြင်း

နိုင်ငံအချို့တွင် သတင်းမီဒီယာဥပဒေသည် မီဒီယာလုပ်ငန်းပိုင်ဆိုင်မှုအပေါ် အခြေခံ၍ စည်းမျဉ်းဥပဒေများ ရေးဆွဲချမှတ်ထားတတ်သည်။ အခြားသော နိုင်ငံများတွင်မူ ထိုအချက်ကို အသံလွှင့်လုပ်ငန်းဥပဒေနှင့် အခြား ဥပဒေများ တွင် ထည့်သွင်းထားသည်ကို တွေ့ရသည်။

ယေဘုယျအားဖြင့် ရုပ်/သံထုတ်လုပ်မှုအပိုင်းတွင် လုပ်ငန်းပိုင်ဆိုင်မှု လက်ဝါးကြီးအုပ်မှုပြဿနာများ ပိုမိုများပြား၍ ဖြစ်သည်။ ဤနေရာတွင် အရေးကြီးသော သဘောထားကွဲလွဲမှု တခုတွေ့ရသည်။ မီဒီယာလုပ်ငန်း ပိုင်ဆိုင်မှုအပေါ် အာရုံစိုက်ရေး နှင့် ပိုမိုကျယ်ပြန့်သည့် လက်ဝါးကြီးအုပ်မှု ပြဿနာအပေါ်အာရုံစိုက်ရေးဟူသော အမြင် ကွဲလွဲချက်ဖြစ်သည်။ များစွာသောထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် သင့်တင့်လျောက်ပတ်စွာ ပြိုင်ဆိုင်နေကြသော မီဒီယာလုပ်ငန်းပံ့ပိုးသူများ ဖြစ်ကြသည်။ သူတို့အတွက် ဈေးကွက်ပြိုင်ဆိုင်မှု အလုံအလောက်ရှိရန် သေချာစေရမည်။ မီဒီယာလောကတွင် အမျိုးမျိုးသော မတူခြားနားသည့် မီဒီယာလုပ်ငန်းများဆက်စပ် တည်ရှိနေခြင်းမှာ လိုလားအပ်သည့် ကိစ္စဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မတူညီသော ရှုထောင့်အမြင် နှစ်ခုမျှလောက်သာရရုံဖြင့်၊ နိုင်ငံသားများအား ဗဟုသုတ ပြည့်ဝအောင် အဆင့်မြှင့်ရန် လုံလောက်မှု ရှိမည်မဟုတ်ပေ။ ဤ ကိစ္စသည် ဒီမိုကရေစီစနစ်တခု၏ ဗဟိုချက်မလည်း ဖြစ်သည်။ ထို့ကြောင့် ပုံနှိပ်မီဒီယာ ဥပဒေဖြစ်စေ၊ ရုပ်/သံ မီဒီယာဥပဒေဖြစ်စေ၊ သတင်းမီဒီယာဥပဒေတွင် မီဒီယာလုပ်ငန်း ပိုင်ဆိုင်မှုအပေါ်အခြေခံ၍ စည်းမျဉ်း ဥပဒေများ ရေးဆွဲ ချမှတ်ထားရှိခြင်းမှာ လက်တွေ့ကျ၍ အသုံးဝင်ပေသည်။

မီဒီယာလုပ်ငန်းပိုင်ဆိုင်မှု အရေအတွက်ကို ကန့်သတ်ထားခြင်းအားဖြင့်လည်း လက်တွေ့ကျသည့် ပိုင်ဆိုင်မှု ဆိုင်ရာ စည်းမျဉ်းကို ချမှတ်ပြဋ္ဌာန်းထားနိုင်သည်။ (ဥပမာ နေ့စဉ်သတင်းစာလုပ်ငန်း ၂ ခုထက် ပိုမို ပိုင်ဆိုင်ခွင့် မရှိဟု ကန့်သတ်ခြင်း) သို့မဟုတ် ဈေးကွက်ဝေစုကို ကန့်သတ်ခြင်း (ဈေးကွက်တခုလုံး၏ ၂၅ % ထက် ပို၍ ပိုင်ဆိုင်ခွင့်မရှိဟု ကန့်သတ်ခြင်း)၊ စည်းမျဉ်းနှစ်မျိုးလုံးတွင် အကျိုးနှင့် အပြစ်များရှိပေသည်။ မီဒီယာလုပ်ငန်းပိုင်ဆိုင်မှု အရေအတွက်ကို ကန့်သတ်ခြင်းသည် ချမှတ်ကျင့်သုံးရန် လွယ်ကူပေသည်။ သို့သော် တိကျသေချာမှု နည်းလေ့ရှိသည်။ (ဥပမာ ပုဂ္ဂိုလ်တဦးအနေနှင့် စောင်ရေအလွန်နည်းသော သတင်းစာ၂ စောင်ကို ပိုင်ဆိုင်ခြင်းမျိုး ဖြစ်နိုင်သောကြောင့်ဖြစ်သည်)။ မီဒီယာလုပ်ငန်း တမျိုးထက်မက ပိုင်ဆိုင်ခြင်းမျိုးနှင့် စပ်လျဉ်း၍လည်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရှိသည်မှာ သမားရိုးကျ ကိစ္စဖြစ်သည်။ (ဆိုလိုသည်မှာ အမျိုးအစား မတူသော မီဒီယာလုပ်ငန်းများပိုင်ဆိုင်ခြင်း၊ ဥပမာ သတင်းစာ၊ ရုပ်/သံ မီဒီယာ စသဖြင့်ဖြစ်သည်။)

နိုင်ငံအတော်များများတွင် မီဒီယာလုပ်ငန်းပိုင်ဆိုင်မှုဆိုင်ရာ စည်းမျဉ်းဥပဒေကို နောက်ဆက်တွဲ ဥပဒေအဖြစ် ပြဋ္ဌာန်းကြသည်။ မီဒီယာလုပ်ငန်းပိုင်ဆိုင်မှု မြင်သာထင်သာရှိရေး အထူးဥပဒေဟု ပြဋ္ဌာန်းခြင်းမျိုးဖြစ်သည်။ ယင်း ဥပဒေမျိုး ချမှတ်ထားရှိနိုင်ရန်နည်းလမ်း အသွယ်သွယ်ရှိပါသည်။ သို့သော် Press Council က ကြီးကြပ်ခွင့်ရှိသော မီဒီယာ ဥပဒေစနစ်မျိုးဖြစ်လျှင် ပို၍အကျိုးရှိပါသည်။ အနည်းဆုံး "ပူးတွဲ ညှိနှိုင်း မီဒီယာဥပဒေ စနစ်" မျိုးတွင် ဖြစ်ပါသည်။ မီဒီယာ ပိုင်ဆိုင်မှုအပေါ် အာရုံစိုက်ခြင်း ဆိုင်ရာ ဥပဒေကို အသုံးပြုနိုင်သည်ဆိုလျှင် မီဒီယာလုပ်ငန်းပိုင်ဆိုင်မှု သတင်း အချက်အလက်များကို အနိမ့်ဆုံးအားဖြင့် ကြီးကြပ်ထိန်းညှိပေးရသည့်အဖွဲ့က သိရှိရန် လိုအပ်သည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် ပြည်သူလူထုတရပ်လုံး အတိုင်း အတာအထိ သိရှိခွင့် ရနိုင်မည်ဆိုပါက သာလွန်၍ပင် သဘောတွေ့နှစ်လိုဖွယ် ရာဖြစ်ပါလိမ့်မည်။

စစ်မှန်သော အာရုံစိုက်မှု စံနမူနာများ စတင်ပေါ်ထွက်မလာမီ၊ မီဒီယာ ပိုင်ဆိုင်မှုအပေါ် အာရုံစိုက်ခြင်း ဆိုင်ရာ ဥပဒေကို ဦးစွာပြဋ္ဌာန်းထားခြင်းက ပိုမိုကောင်းပေမည်။ သတင်းမီဒီယာ စီးပွားရေးလုပ်ငန်း အင်ပါယာကြီးတခု

ထုထောင်ပြီးနောက်မှ ဖျက်သိမ်းခိုင်းဖို့ လုပ်ရန်မှာ ခက်ခဲရုံမက အငြင်းပွားစရာကိစ္စလည်း ဖြစ်သည်။ ထို့ကြောင့် ဤကိစ္စမျိုးကို အကောင်အထည်ပေါ် မလာမီ၊ လက်ဦးမှုယူ တားဆီးခြင်းကသာ အကောင်းဆုံးဖြစ်သည်။

တရားဝင် အသိအမှတ်ပြုခြင်း

တရားဝင် အသိအမှတ်ပြုခြင်းဆိုသည်မှာ သတင်းစာဆရာ/သတင်းထောက်များအတွက်၊ တရားဝင်နားလည်မှု ရှိစွာ၊ သတင်းယူရန်နေရာထိုင်ခင်း သတ်မှတ်ပေးသည့်စနစ်ကို ဆိုလိုသည်။ နိုင်ငံများစွာတွင်အထူး တရားဝင် အသိအမှတ်ပြုခြင်း စနစ်ကို ပါလီမန်တွင်လည်းကောင်း၊ အချို့မှာ တရားရုံးများတွင်လည်းကောင်း ခွင့်ပြုထားသည်။ များစွာသော ရုံးများ၊ အဖွဲ့အစည်း အသင်းအပင်းများသည် သတင်းထောက်များအား တရားဝင် အသိအမှတ်ပြုခြင်း ကိစ္စကို ၎င်းတို့ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ကြသည်။ သတင်းထောက်များအား ခွင့်ပြုလက်မှတ်များထုတ်ပေးသည့် ကိစ္စကို ၎င်းရုံးအဖွဲ့အစည်းများ ကိုယ်တိုင်လုပ်ကြသည်။ အချို့သတင်းထောက်များသည် ရုံးဌာနများ (လွှတ်တော်၊ တရားရုံးစသည်...) အတွက် အထူးသီးသန့် တာဝန်ယူ သတင်းပို့သည့် အလုပ်ကိုလုပ်ကြသည်။ ဤအထူးအခွင့်အရေးဖြစ်လာရသည့် သဘောမှာ အဆိုပါ ရုံးဌာန၊ အသင်းအပင်း၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ၎င်းတို့ ဌာနများ၏ အရေးကြီးမှု အကြောင်းသိသာစေရန် သတင်းထောက်များအပေါ်တည်မှီအားထားနေရ သဖြင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းသက်ဆိုင်ရာဌာနများအနေဖြင့် သူတို့ထံ သတင်းထောက်များလာရောက်ခွင့်ရှိကြောင်း သေချာစေရန် ဆောင်ရွက်ရန် အရေးကြီးပေသည်။

သို့ရာတွင် သတင်းထောက်များအား သက်ဆိုင်ရာဌာနက တရားဝင် အသိအမှတ်ပြုခြင်းသည် လုပ်ပိုင်ခွင့် လိုင်စင်ပေးခြင်း သို့မဟုတ် လုပ်ငန်းမှတ်ပုံတင်ပေးခြင်းများနှင့် မတူခြားနားကြောင်း၊ ဥပဒေအရ တရားဝင်ဖြစ်မှု သဘောမဟုတ်ကြောင်း ခွဲခြားနားလည်ရန် အရေးကြီးသည်။ တနည်းပြောရလျှင်၊ တရားဝင် အသိအမှတ်ပြုခြင်းကို သတင်းထောက်များအနေဖြင့် လျှို့ဝှက်လုပ်ပိုင်ခွင့်လိုင်စင်စနစ်ကဲ့သို့ သုံးစွဲရမည် မဟုတ်ပေ။ သတင်းထောက်အားလုံးအဖို့လည်း တရားဝင် အသိအမှတ်ပြုခြင်း ခံရရေးမှာ လိုအပ်ချက်တရပ် မဟုတ်ပေ။

နိုင်ငံအချို့တွင်မူ accreditation စနစ် အပြိုင်ရှိသည်။ လွတ်လပ်သော သတင်းမီယာအဖွဲ့အစည်းများ၊ (သို့မဟုတ်) သတင်းထောက်သမဂ္ဂများက ၎င်းတို့၏အဖွဲ့ဝင်များအား သတင်းထောက်အဖွဲ့ဝင်ကဒ် (Press Card) များထုတ်ပေးထားသည်။ လူထုပရိသတ်များပြားသောနေရာဌာနများ မတော်တဆ ထိခိုက်မှုဖြစ်ရာနေရာများတွင် ထိုကဒ်ကို အသုံးပြု၍ ဝင်ထွက်ခွင့်ရရှိနိုင်သည်။ ဥပမာ ဗြိတိန်နိုင်ငံတွင် သတင်းမီဒီယာ ၁၆ ဖွဲ့ ပူးတွဲလျက် အဖွဲ့အားလုံးမှ အဖွဲ့ဝင်များအတွက် သတင်းထောက် အသိအမှတ်ပြုကဒ် (Press Card) များထုတ်ပေးထားသည်။ ရဲအဖွဲ့က ထိုကဒ်ကိုင်ဆောင်သူကို အမှန်တကယ် သတင်းထောက်ဖြစ်ကြောင်း အသိအမှတ်ပြုသည်။

နိုင်ငံတကာ ကွန်ပျူတာဆက်သွယ်ရေး ကွန်ယက်

ကမ္ဘာတဝှမ်းရှိ နိုင်ငံများသည် အင်တာနက်ကို မည်သို့မည်ပုံ စည်းစနစ်တကျ ကွပ်ကဲထိန်းညှိ၍ ရနိုင်မည်နည်း ဆိုသောပြဿနာဖြင့် နပမ်းသတ်နေကြဆဲရှိသည်။ အခြားသော ဆက်သွယ်ရေးနည်းလမ်းများနှင့် မတူ ထူးခြားသည့် သဘော ရှိသည်ကို လက်ခံကြသည့်အလျောက်၊ ဒီမိုကရေစီနိုင်ငံအနည်းငယ်တွင်သာ အင်တာနက်ကို အထူးတရားဝင် လွှမ်းခြုံ ထိန်းသိမ်းရေးစနစ်များဖြင့် ကွပ်ကဲမှု နေသားတကျရှိကြသည်။ ယေဘုယျ ထိန်းသိမ်းရေးစနစ် စီမံချက်မျိုး မလိုအပ်ပေ။ တချိန်တည်းတွင် ဒီမိုကရေစီနိုင်ငံအများစု၌ အင်တာနက်၏ ထူးခြားသည့် လက္ခဏာများကို ဖြေရှင်းရန် သီးသန့်ရည်ရွယ်ဖန်တီးထားသော စနစ်များစီမံထားရှိကြသည်။ ဥပမာအားဖြင့် အင်တာနက်မှတဆင့် စီးပွားရေးလုပ်သည့် နည်းပညာ၊ ဉာဏ်ပညာဖြင့် တီထွင်ဖန်တီးထားသောအရာ မူပိုင်ခွင့်ချိုးဖေါက်မှုများကို အဖြေရှာသည့်နည်းပညာ စသည် ဖြင့်ဖြစ်သည်။

ကိစ္စရပ်အတော်များများတွင် အစိုးရများက အထူးနည်းပညာရပ်များ တီထွင်ဖန်တီးကာ အင်တာနက်ကို အသုံးပြု၍

ရာဇဝတ်မှုကျူးလွန်ခြင်း၊ အခြားအမှားများကျူးလွန်ခြင်း စသည်တို့ကို စီမံထိန်းသိမ်းကြရသည်။ ထို့ပြင် အထွေထွေ ရာဇဝတ်မှုဆိုင်ရာဥပဒေ၊ တရားမမှုဆိုင်ရာဥပဒေများနှင့်လည်း အင်တာနက်တွင် မတော်မတရားပြုမှုများကို အရေးယူ ထိန်းသိမ်းရသည်။ အချို့သော နိုင်ငံများတွင် အင်တာနက်ဆိုင်ရာ ဥပဒေများကို အင်တာနက် စီးပွားရေးဆိုင်ရာ ဥပဒေတွင် ထည့်သွင်း ပြဌာန်းထားပြီးဖြစ်သည်။ အင်တာနက် ဥပဒေကို ပြဌာန်းထားပြီးသော (သို့မဟုတ်) ပြဌာန်းရန်တင်ပြထားသော နိုင်ငံများတွင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့်အခြားအဖွဲ့အစည်းများက ထိုဥပဒေကို ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။ အဘယ်ကြောင့်ဆိုသော် အခြားသော အကြောင်းကြောင်းတို့ထက် လက်ရှိရာဇဝတ်မှုဥပဒေနှင့် အပြိုင် အင်တာနက်အတွက် ရာဇဝတ်မှု စည်းမျဉ်းဥပဒေတခု တီထွင်ဖန်တီးရန် မလိုအပ်ဟု ရိုးရှင်းစွာ အကြောင်းပြကြသည်။

ထို့ကြောင့် သတင်းမီဒီယာဥပဒေ နယ်နိမိတ်အတွင်း၌ အင်တာနက်စည်းမျဉ်းကို ထည့်သွင်းရန် အကြောင်းပြချက် အမျိုးမျိုးပေး၍ ထောက်ခံမှု မပြုကြပါ။ ထိုအကြောင်းပြချက်များစွာတွင်၊ ယနေ့ခေတ်သတင်းစာများအနက် အင်တာနက်ပေါ်၌လည်း နေ့စဉ်သတင်းစာများ ဖြန့်ချိနေသောကြောင့်ဟု ဆိုသည်။ ၎င်းတို့သည် ပုံနှိပ်သတင်း မီဒီယာနှင့် အခြေခံအားဖြင့် လုံးဝခြားနားသည်။ ပုံနှိပ်မီဒီယာနှင့် အလားတူ အင်တာနက်အတွက် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ ပြဌာန်းရန် ကြိုးပမ်းခြင်းသည် အရာရောက်မည် မဟုတ်ပေ။

# နိဂုံး

ကောင်းမွန်သော သတင်းမီဒီယာ ဥပဒေတခုကို ရွေးချယ်လက်ခံခြင်းသည် မြန်မာနိုင်ငံအတွက် အပေါင်းလက္ခဏာ သဘောဆောင်သည့် ဖြစ်ထွန်းတိုးတက်မှုဟု ဆိုရမည်ဖြစ်ပါသည်။ ထိုဥပဒေသည် ကျန်းမာကြံ့ခိုင်သော ပုံနှိပ်သတင်းမီဒီယာ ကဏ္ဍတရပ်ကို ဖေါ်ဆောင်မြှင့်တင်ပေး နိုင်ဖွယ်ရှိပါသည်။ ထို့ပြင်သတင်းစာ နှင့် မီဒီယာလုပ်ငန်း များအတွက်ရေရှည်အလားအလာကိုလည်း ထိုဥပဒေကအာမခံနိုင်ပါလိမ့်မည်။ ထိုဥပဒေက သတင်းစာ လွတ်လပ်ခွင့် အားလည်း ကာကွယ်စောင့်ရှောက်မှု ပြုနိုင်စရာရှိပါသည်။ ထိုဥပဒေက သတင်းစာဆရာ/ သတင်းထောက်များအား အထူးအခွင့်အရေး တရပ်ဖန်တီး ပေးနိုင်မည်ဖြစ်၍ ထိုသို့သတင်းထောက်တို့၏ လိုအပ်ချက်ကို ဖန်တီးပေးခြင်းကြောင့် လူ့အဖွဲ့အစည်းအတွင်း၌ သတင်းမီဒီယာသည်လည်း သင့်တင့်လျောက်ပတ်သော အခန်းကဏ္ဍကို ရရှိလာမည် ဖြစ်ပါသည်။ အဆုံးတွင် ထိုဥပဒေက လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့်နှင့် သတင်းမီဒီယာတို့၏ တရားလွန်ပြုမှုများ အကြား တော်တည့်မှန်ကန်စွာ ထိန်းညှိပေးသည့် စနစ်တရပ်ကို နေသားတကျ ဖေါ်ဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်သူလူထုအားလည်း သတင်းစာကျင့်ဝတ် နှင့် မညီသော အပြုအမူများနှင့်စပ်လျဉ်း၍ တိုင်ချက်ဖွင့်အရေးဆိုနိုင်သည့် အခွင့်အရေးကို ပေးနိုင်ပါလိမ့်မည်။

အခြားတဖက်တွင် အကယ်၍ ဖိနှိပ်ချုပ်ချယ်မည့် သတင်းမီဒီယာဥပဒေတခုကို ရွေးချယ်လက်ခံမိပါက အလွန့်အလွန် ရှုပ်ထွေးပွေလီသော ပြဿနာများနှင့် မြန်မာနိုင်ငံအား ကြုံတွေ့စေမည်ဖြစ်ပါသည်။ ထိုဥပဒေမျိုးသည် ပုံနှိပ်သတင်းမီဒီယာအား ကြံ့ခိုင်တောင့်တင်း၍ စွမ်းရည်ပြည့်ဝသောအခန်းကဏ္ဍအတွင်း အရည်အသွေး ဖွံ့ဖြိုးတိုးတက်လာမည်ကို ပိတ်ဆို့ဟန့်တားနိုင်လေသည်။ ကြံ့ခိုင်တောင့်တင်း၍ စွမ်းရည်ပြည့်ဝသော အရည်အချင်းရှိသည့် သတင်းစာမျိုးကသာ ပြည်သူလူထုအား မှီခိုအားထားလောက်သော သတင်းနှင့် သိမှတ်ဖွယ်ရာ အဖြာဖြာကို စီစဉ်သတင်း ပေးနိုင်စွမ်းပေသည်။ ဖိနှိပ်ချုပ်ချယ်မည့် သတင်းမီဒီယာဥပဒေသည် အစိုးရအဖွဲ့အား သတင်းစာလွတ်လပ်ခွင့်ကဏ္ဍအပေါ် လွန်ကဲသော ဥပဒေ အာဏာကို ဆက်လက်ကျင့်သုံး ဖိနှိပ်အုပ်ချုပ်ရန် ခွင့်ပြုနိုင်ပေသည်။ ထို့ပြင် ထိုဖိနှိပ်သည့် ဥပဒေကြောင့် လူ့အဖွဲ့အစည်းအတွင်း သတင်းနှင့်ပညာဗဟုသုတများ လွတ်လပ်စွာစီးဆင်းမှုကို ထိခိုက်နစ်နာစေပေသည်။

၎င်းအပြင် သတင်းစာလွတ်လပ်ခွင့်ရှုထောင့်မှ ကြည့်ပါက မြန်မာနိုင်ငံတွင် ရှုပ်ထွေးပွေလီ ပြဿနာဖန်တီးသည့် အခြား ဥပဒေများလည်း အများအပြားရှိနေသေးသည်။ "ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)" တွင် ပြဋ္ဌာန်းထားသည့် ဥပဒေများ အပါအဝင်ဖြစ်သည်။ ရာဇသတ်ကြီးတွင် မကြာသေးမီက ပြင်ဆင်ချက် အချို့ပြုလုပ်ထားသော်လည်း များစွာသော ဥပဒေပြဋ္ဌာန်းချက်များမှာ တည်ဆဲပင်ဖြစ်သည်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဥပဒေ စနစ်ဖြစ်ထွန်းရေးသည် အရေးကြီးပေသည်။ ထိုသို့နိုင်ငံတကာစံမီရန် သတင်းစာလွတ်လပ်ခွင့်အား ထိခိုက်စေသည့် ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း ပြင်ဆင်ခြင်းများ လိုအပ်သလိုပြုလုပ်ရန်လည်း လိုသည်။

ဤ လမ်းညွှန်အစီရင်ခံစာတွင် ကောင်းသော သတင်းမီဒီယာဥပဒေ နှင့် မကောင်းသော သတင်းမီဒီယာဥပဒေနှစ်ခုအကြားရှိ ထွေပြား၍ ထူးခြားထင်ရှားသည့် လက္ခဏာများကို ဖေါ်ပြထားပါသည်။ စင်စစ် ပြီးပြည့်စုံသော ဥပဒေ ဟူ၍ မရှိပါ။ သို့သော် အခြခံလိုအပ်ချက်များနှင့် ပြည့်စုံသော ဥပဒေဖြစ်ဖို့တော့ လိုသည်။

သို့မှသာ လူအဖွဲ့အစည်း အပေါ် အပြုသဘော အပေါင်းလက္ခဏာသဘောဆောင်သော အကျိုးသက်ရောက်မှုများရရှိပေမည်။ အရေးအကြီးဆုံးဟု ဆိုရမည့်အချက်မှာ သတင်းစာကောင်စီ ကဲ့သို့သော ကြီးကြပ်ရေးအဖွဲ့သည် အစိုးရ၏ ထိန်းချုပ်ချယ်လှယ်မှုမှ လွတ်လပ်ရမည်ဖြစ်ပေသည်။ သတင်းစာကောင်စီသည် မှန်ကန်သော လုပ်ပိုင်ခွင့် အာဏာများကိုလည်း ကျင့်သုံးခွင့်ရှိဖို့လို သည်။ "ကျင့်ဝတ်စည်းကမ်း" ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပိုင်ခွင့်အာဏာလည်း ရှိရမည်။ သတင်းစာများ သည် ကျင့်ဝတ်စည်းကမ်းကို လေးစားလိုက်နာမှုမရှိကြောင်း၊ တိုင်တန်းလာပါက ထိုတိုင်တန်းချက်များကို ကြားနာခွင့်နှင့်အတူ ဆုံးဖြတ်ချက်ချပိုင်ခွင့် အာဏာလည်းရှိရမည်။ အချုပ်အားဖြင့်

သတင်းမီဒီယာဥပဒေသည် သတင်းစာ လွတ်လပ်ခွင့်ကို ကာကွယ်ရန် အမျိုးမျိုးသော အပြုသဘောဆောင်သည့် ကာကွယ်မှုများဖြင့် သက်သေထူနိုင်ရမည်။ ဆင်ဆာစနစ်ဖြင့် ကြိုတင်စိစစ်ပိတ်ပင်ခြင်းကိုဟန့်တားရေး နှင့် မည်သည့် ပုဂ္ဂိုလ်မဆို သတင်းစာဆရာ/ သတင်းထောက်အဖြစ် လုပ်ကိုင်ပိုင်ခွင့်အား အပြုသဘောဖြင့် အာမခံချက်ပေးခြင်း စသည်တို့လည်း အပါအဝင်ဖြစ်သည်။ ထို့ပြင် သတင်းမီဒီယာဥပဒေသည် သတင်းစာဆရာ/ သတင်းထောက်များအား သတင်းထောက်အဖွဲ့အစည်း သတင်းထောက်သမဂ္ဂ စသည့် အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်ကို အာမခံရမည်။ သတင်းစာဆရာ/သတင်းထောက်များ၏ လျှို့ဝှက်အပ်သော သတင်းရင်းမြစ်များကိုလည်း ဥပဒေက အကာအကွယ် ပေးရမည် ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်နိုင်မှုရှိခြင်း၊ မရှိခြင်းသည် ပဓါန ကိစ္စမဟုတ်ပါ။ သို့သော် အစိုးရသည် သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းရေးနှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သော အဆိုပြုချက်များကို မိတ်ဆက်တင်ပြလာလိမ့်မည်ဟုကား မျှော်လင့်ပါသည်။ ဤ အစီရင်ခံချက်သည် သတင်းစာဆရာ/ သတင်းထောက်များ နှင့် အခြားပုဂ္ဂိုလ်များအတွက် ဥပဒေမူကြမ်းကို အကဲဖြတ်ရာတွင် တစုံတရာ အထောက်အကူဖြစ်စေ လိမ့်မည်ဟု ယူဆပါသည်။ မည်သို့ဆိုစေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အလုံးစုံအောင်မြင်ရေးကို ဆောင်ရွက်နေသော တိုင်းပြည်တွင် မှန်ကန်သော သတင်းမီဒီယာဥပဒေတခု ရရှိရေးမှာ သေရေးရှင်ရေးတမျှ အရေးကြီးပါသည်။ ဤ အရေးကြီးသောပြဿနာရပ်အတွက် ယခုအချိန်သည် အပေးအယူလုပ်သောနည်းဖြင့် စေ့စပ်ညှိနှိုင်းရမည့် အချိန်မဟုတ်ပါဟု ဆိုရပါမည်။